# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၅၁)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၇-၅-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မေ ၆ ရက်မှ ၃၁ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်**
**(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်)**
**၂၀၂၅ ခုနှစ်၊ မေ ၆ ရက်**

၁။ မတ် ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂ ရက်မှ ၃၀ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ လက်ရှိကာလတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏ အိုးအိမ်နှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှလည်း ကူညီမှုများကိုဆောင်ရွက်ပေးလျက်ရှိသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ပြီးစစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ မေ ၆ ရက်မှ ၃၁ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်သည်။

၄။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့် ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကို မပြုရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး၏ အကြီးအကဲတို့ကို လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး (UNRC/HC a.i.) ဖြစ်သူ Mr. Marcoluigi Corsi နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid တို့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

**အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်**
**အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် အင်အားပြင်း မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မေ ၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

၂၀၂၅ ခုနှစ်၊ မေ ၇ ရက်၊ ဗုဒ္ဓဟူးနေ့။

## သင်ကြားရေးနည်းစနစ်များ စွမ်းရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

အခြေခံစိုက်ပျိုးမွေးမြူရေးပညာရပ်များ တက်မြောက်သူများအဖြစ် ပြုစုပျိုးထောင်ပေးရမည့် သင်ကြားလေ့ကျင့်ပေးသူ ဆရာ၊ ဆရာမများအနေဖြင့် ကိုယ်တိုင်စေတနာ၊ ဝါသနာကို အခြေခံပြီး မိမိတို့ကိုယ်တိုင် တက်မြောက်ထားသည့် ပညာရပ်များကို မျှဝေသင်ကြားပို့ချရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးမည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝနေမှသာ သင်ရိုးမာတိကာပါ အကြောင်းအရာများသာမက လက်တွေ့ သင်ကြားရေးနှင့် ပြင်ပလုပ်ငန်းခွင်ကျွမ်းကျင်မှုအတွက်ပါ စာတွေ့နှင့်လက်တွေ့ ချိတ်ဆက်လေ့ကျင့်ပေးနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မေ ၅ ရက် နံနက်ပိုင်းက နေပြည်တော်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် Grade-10, Grade-11, Grade-12 သင်ကြားမည့် သင်ကြားရေးမွမ်းမံသင်တန်းတက်ရောက်နေသော ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ကာယ၊ ဉာဏ၊ စာရိတ္တဆိုင်ရာ ဘက်စုံကျွမ်းကျင်သော စနစ်သစ်ပညာရေးအလျင်အမြန် အောင်မြင်စေရန်မှာ ဆရာတို့၏ အဓိကတာဝန်ဖြစ်သည်။ ထို့ကြောင့် သင်ကြားရေးနည်းစနစ်များ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သင်ကြားရေး ဆရာ၊ ဆရာမအဖြစ် ပြောင်းလွဲတာဝန်ထမ်းဆောင်ကြရသူများအနေဖြင့် စိုက်ပျိုး-မွေးမြူရေး ပညာပေးဝန်ထမ်းအဖြစ်မှ မတူညီသည့် သင်ကြားရေးနယ်ပယ်တွင် တာဝန်ယူရမည်ဖြစ်သည့်အတွက် သင်ကြားရေးနည်းစနစ်များ၊ ကြိုတင်ပြင်ဆင်လေ့လာလေ့ကျင့်ရမည့် သင်ခန်းစာအကြောင်းအရာများ၊ အကဲဖြတ်အမှတ်ပေးစနစ်များသည် ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ပညာရေးလမ်းကြောင်းကို အဆုံးအဖြတ်ပေးရန် အရေးပါသည့်အရာများဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက သင်တန်းကာလအတွင်း လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် စားသောက်နေထိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြကြောင်းနှင့် သင်တန်းသို့ ဆရာ၊ ဆရာမ ၃၈၂ ဦး တက်ရောက်လျက်ရှိသည်။

အစဉ်တိုးတက်ပြောင်းလဲနေသော ပညာခေတ်တွင် ဆရာသည် မိမိနိုင်ငံသားများ ပညာရည်မြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီအတတ်ပညာများ၊ နည်းပညာများကို အစဉ်လေ့လာဆည်းပူးဖြည့်ဆည်းနေကြရမည်ဖြစ်သည်။

သင်ကြားရေးတာဝန်အဖြစ် ထမ်းဆောင်ကြမည့်သူများအတွက် ယခုကဲ့သို့ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုနှစ်တွင် Grade-10, Grade-11 နှင့် Grade-12 သုံးတန်းအတွက် ဖွင့်လှစ်သွားမည်ဖြစ်ပြီး Grade-12 သည် အခြေခံပညာအထက်တန်းပြီးမြောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပို့ချကြရမည်ဖြစ်သည့်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်ကြားရေးတာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများအတွက် အခြေခံမသိမဖြစ်လိုအပ်သော သင်ကြားရေးအတတ်ပညာများ၊ လုပ်ထုံးလုပ်နည်းစနစ်များ၊ လိုက်နာကျင့်သုံးရန်များကို သင်ကြားပို့ချပေးသွားမည့် အကျိုးရှိသော သင်တန်းဖြစ်သည့်အတွက် စိတ်ဝင်တစားဖြင့် စွဲမြဲစွာလေ့လာမှတ်သားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## စူဠာမုနိရုပ်ရှင်တော်မြတ် ဘက်စုံသုံးရန်အတွက် အလှူငွေကျပ် ၃ သိန်း လှူဒါန်း



**မန္တလေး မေ ၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အတုမရှိကျောင်းတော်ကြီးအတွင်း၌ သီတင်းသုံးတော်မူလျက်ရှိသော စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံသုံးရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းတော်ကြီး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင် ဦးမင်းနောင်ကျော် + ဒေါ်အိစန္ဒာကျော် မိသားစု နေပြည်တော်က အလှူငွေကျပ် ၃ သိန်း ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ ဥပဒေချုပ် ဦးမြင့်အောင်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် အဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ရုပ်ရှင်တော်မြတ်ကြီးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဌာနအလိုက် နေ့စဉ် နံနက်ပိုင်းတွင် ဝတ်ရွတ်စဉ်များအတိုင်း ရွတ်ဖတ်ပူဇော်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၆**



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ၁၉ လမ်း၊ ၈၉ လမ်းနှင့် လမ်း၉၀ကြား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုရပ် မယ်ဇယ်တန်းအနီးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဧပြီ ၇ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်ရှေ့တွင်လည်းကောင်း၊ ဧပြီ ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတို့တွင်လည်းကောင်း၊ မေ ၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုတော်ရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမွှာရုံ၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်တို့တွင်လည်းကောင်း၊ မေ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်း၊ နမူနာပစ္စည်းရယူခြင်းနှင့် အသားစ စစ်ဆေးခြင်းဆိုင်ရာသင်တန်း ပို့ချ

**မန္တလေး မေ ၆**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် နိုင်ငံတော်အတွက် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး၊ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် တိရစ္ဆာန်ဆေးကုသသိပ္ပံကျောင်းသား၊ ကျောင်းသူများအား တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်း၊ နမူနာပစ္စည်း ရယူခြင်းနှင့် အသားစစစ်ဆေးခြင်းဆိုင်ရာ သင်တန်း(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီး ဦးစီးမှူးရုံး သင်တန်းခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသန်းအေးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း၍ တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်း၊ နမူနာပစ္စည်းရယူခြင်းနှင့် အသားစစစ်ဆေးခြင်းဆိုင်ရာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၇ ဦး တက်ရောက်ကြပြီး ၃ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ထိခိုက်ပျက်စီးခဲ့မှုများကို ပြုပြင်မွမ်းမံရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြုပြင်မွမ်းမံရေးနည်းပညာအထောက်အကူပြုဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

နေပြည်တော် မေ ၆

မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ် ထိခိုက်ပျက်စီးခဲ့မှုများ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဥပ္ပါတသန္တိစေတီတော်ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး၌ ကျင်းပသည်။




အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လတ်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် (၁) ဦးထွန်းထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဥပ္ပါတသန္တိစေတီတော်ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီ၏ အကြံပြုချက်မရမီ လိုအပ်သော ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်များကို ကြိုတင်ဝယ်ယူစုဆောင်းထားရန် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်နိုင်ရန်၊ ဘိလပ်မြေအိတ် တစ်သိန်း၊ အုတ် တစ်သိန်း၊ သဲကျင်း ၅၀၀၊ ကျောက်ကျင်း ၁၀၀၀ စသည်ဖြင့် ဝယ်ယူစုဆောင်းထားရန် လိုအပ်ကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ဘိလပ်မြေအိတ် တစ်သိန်း စုဆောင်းထားနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရေတိုဆောင်ရွက်မှုအနေဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ကျောက်ပြားများ ၆၇၅၀၀ ခန့်ခွာယူခဲ့ပြီး နှစ်ပေပတ်လည် ကျောက်ပြားအကောင်း ၂၆၀၀ ခန့် ရရှိကြောင်း၊ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးကြောင်း သိရှိရပါကြောင်း၊ အက်ကွဲသွားသည့် နှစ်ပေပတ်လည် ကျောက်ပြားများကို တစ်ပေပတ်လည်ကျောက်ပြားများဖြင့် ပြန်လည်ဆယ်တင်အသုံးပြုနိုင်ရေး ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အက်ကွဲကြောင်းများအတွင်းသို့ မိုးရေဝင်ရောက်မှုမရှိစေရန် မိုးကာစများဖြင့် ဖုံးအုပ်ခြင်းလုပ်ငန်းကိုမေ ၂၈ ရက်တွင်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ရင်ပြင်တော်ပေါ်သို့တက်သည့် ဓာတ်လှေကားနှစ်စင်းသည် သက်တမ်းလွန်ဟောင်းနွမ်းနေပြီဖြစ်၍ အသုံးပြုခြင်းမပြုတော့သဖြင့် အသစ်ဝယ်ယူခြင်းသို့မဟုတ် ပြုပြင်တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတ်လှေကားများမှ ရင်ပြင်တော်ပေါ်သို့ သွားသည့်လျှောက်လမ်းများ နိမ့်ကျနေမှုကို Structure အင်ဂျင်နီယာများဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း၊ စေတီတော်လိုဏ်အတွင်း မိုးရေများ စိမ့်ကျနေမှုနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်အရ စေတီတော်လိုဏ်အတွင်းရှိ ကွန်ကရစ်တိုင်များပျက်စီးခြင်းမရှိဘဲ မိုးရေယိုစိမ့်မှုကိုတားဆီးနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် နည်းပညာဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များကို ယနေ့အစည်းအဝေးတွင် ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်(၁) ဦးထွန်းထွန်းတို့က ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ထိခိုက်ပျက်စီးမှုအခြေအနေ၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်က နည်းပညာဆိုင်ရာ ပြုပြင်မွမ်းမံရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ အထပ်မြင့်ကော်မတီ Geotechnical Engineer ဒေါက်တာယုမောင်က ရင်ပြင်တော်ကြံ့ခိုင်ရေး၊ ရင်ပြင်တော်အားနည်းသည့်နေရာများတွင် Grouting ပြုလုပ်မည့်အခြေအနေ၊ Soil Reinforcement ပြုလုပ်မည့်အခြေအနေများကိုလည်းကောင်း၊ ဗိသုကာပညာရှင် ဒေါက်တာတိုးတိုးဝင်းက ဥပ္ပါတသန္တိစေတော်ကြီး၏ Structure Design ကို လည်းကောင်း ပါဝါပွိုင့်များဖြင့် အသေးစိတ် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ဝန်ထမ်းသားသမီးများ ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မေ ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် နိုင်ငံ့ဝန်ထမ်းသားသမီးများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရုံးအမှတ်(၁၅) စဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် မိမိတို့ဝန်ထမ်းသားသမီးများအားလုံး ရာနှုန်းပြည့် ပြန်လည်ဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးအတွက် မိဘများနှင့် သက်ဆိုင်ရာဌာနအကြီးအကဲများက စနစ်တကျစီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ အထူးသဖြင့် သဘာဝဘေးကြောင့် ယာယီစောင့်ရှောက်ရေးစခန်းများတွင် နေထိုင်ရခြင်းနှင့် အခြားအခက်အခဲများ ရှိနိုင်မှုအပေါ် စိတ်ဖိစီးမှုမရှိစေဘဲ ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ အောင်မြင်မှုမျှော်မှန်းချက်ပြည့်ဝစေရန် လိုအပ်သော စီမံအုပ်ချုပ်မှုလုပ်ငန်းများ၊ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကာလတိုအတွင်း ပြန်လည်သင်ယူကျက်မှတ်ကြရမည့် မိမိတို့၏ သားသမီးများ ကျန်းမာရွှင်လန်းစွာ ပညာသင်ယူနိုင်ရေးအတွက် အာဟာရပြည့်ဝစွာကျွေးမွေးစောင့်ရှောက်ပေးသွားကြရန်နှင့် ဖြေဆိုမည့် ကျောင်းသား ကျောင်းသူအားလုံး အထူးအခွင့်အရေးရရှိသည်ဟု သဘောထား၍ ပိုမိုကြိုးစားပြီး အဆင့်မြင့်မြင့်အောင်မြင်စေရန် စာမေးပွဲကာလအတွင်း မိဘများက အားသွန်ခွန်စိုက် ပံ့ပိုးသွားကြစေလိုကြောင်း၊ ဝန်ထမ်းငယ်များအနေဖြင့် လိုအပ်ချက်ရှိပါက သီးခြားတင်ပြ၍ အကူအညီတောင်းခံနိုင်ကြပါကြောင်း အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် နိုင်ငံ့ဝန်ထမ်းသားသမီး ၄၇၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၃၅၅၀၀၀၀ ကို ပေးအပ်ရာ ကျောင်းသားမိဘကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ဌာနတာဝန်ရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသားမိဘဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




# အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများ တိုက်ကျွေး

**ကျောက်ဆည် မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အသက်(၂)နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများ တိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ပြည်လုံးနိုင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးသည်။**(အောက်ပုံ)**

ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဆေးထိုးစုရပ်များ ခွဲပြီး အပတ်စဉ်နေ့ရက်များ သတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာ လျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ (ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါကာကွယ်ဆေး ထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို မြို့နယ်အတွင်းရှိ အသက်(၂)နှစ်အောက် ကလေးများနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်း ဆရာမများက အဖွဲ့ခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စုစုအေး(ကျောက်ဆည်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ပန်းကန်ပြား၊ သောက်ရေခွက်၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ မိုးကာ၊ ဓား၊ မျက်နှာသစ်တဘက်နှင့်ကော်ပုံး စုစုပေါင်း ၁၆ မျိုးတို့ကို ထောက်ပံ့ပေးဝေနေမှုများအား ကြည့်ရှုအားပေးပြီး ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် နန်းဦးရပ်ကွက်ရှိ မရှိဇဏစေတီနှင့် တကောင်းရပ်ကွက်ရှိ သစ္စာစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိက အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ် (၇၀၀) ပြည့် အားကစားကွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက အိမ်ထောင်စုတစ်စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ မိုးကာ၊ ဓား၊ မျက်နှာသစ်တဘက်နှင့် ကော်ပုံး စုစုပေါင်း ၁၄ မျိုးတို့ ထောက်ပံ့ပေးဝေနေမှုများကို ကြည့်ရှု၍ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်များ၊အုတ်တံတိုင်းနံရံများ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော သာသနိက အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို လည်းကောင်း၊ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်၊ ပန်းပဲတန်းရပ်ကွက်နှင့် ပိုးတန်းရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာတွင် စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများ၊ ၃၅ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့်အန္တရာယ်ရှိ အဆောက်အအုံများ၊ ၂၉ လမ်းနှင့် ၈၄ လမ်းထောင့်ရှိ ငလျင်ဒဏ်သင့် အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ် မရှိစေရေး ဦးစားပေး ဆောင်ရွက်သွားရန်၊ ဖယ်ရှား ရှင်းလင်းနေသည့် အဆောက်အအုံ ဝန်းကျင်ရှိ ကျန်အဆောက်အအုံများ အား ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန်၊ အများပြည်သူများ နေ့စဉ်သွားလာနေသည့် လမ်းများဖြစ်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ ၃၄ လမ်းမကြီးတစ်လျှောက်နှင့် ၇၃ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျ ထိန်းသိမ်းထားရှိမှုအခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား ဦးစားပေး၍ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် ပြည်ကြီးမျက်ရှင်ကားဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်ကားဂိတ်အဆောက်အအုံများအား အပြီးသတ် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ ရောက်ရှိကာ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို ကြည့်ရှုအားပေးပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် တွေ့ရှိရသော ငွေကျပ်သိန်း ၈၃၀ နှင့် ရွှေ ၁၀ ကျပ်သားတုံး ၁၀ တုံး၊တန်ဖိုးရှိလက်ဝတ်ရတနာများနှင့် ဘဏ်စာအုပ် ကိုးအုပ်တို့အား ပိုင်ရှင်ထံသို့ စနစ်တကျလွှဲပြောင်းပေးအပ် နေမှုတို့ကို ကြည့်ရှုကြပ်မတ် ဆောင်ရွက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး သောက်ရေ သုံးရေ ဖူလုံစွာရရှိရေး စနစ်တကျ စီစဉ်ဆောင်ရွက်ပေးရန်၊ စည်းကမ်းတကျ နေထိုင်နိုင်စေရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ သန့်စင်ခန်းများကို လူဦးရေအချိုးအစားအလိုက် တည်ဆောက်ပေးပြီး ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများအား စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့ကို မှာကြားသည်။ ထို့ပြင် အဆိုပါယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ်ရှိ ရွှေအိုးရကျောင်းတိုက်နှင့် မဟာဂန္ဓာရုံ ကျောင်းတိုက်တို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေမှုများ၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာလေစွအခြေခံပညာ အလယ်တန်းကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ကုက္ကိုရွာ)၊ ကြည့်မြင်တိုင် အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မြစ်ငယ်အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး အတွက် ပြင်ဆင် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။ ထို့နောက် ကြည့်မြင်တိုင် အခြေခံပညာ အထက်တန်းကျောင်းခွဲအတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေး စခန်းသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ စာသင်ကျောင်းများရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၅ သို့ ၁

# ဘရာဇီးလ်နိုင်ငံမှ လှူဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့်အစားအစာခြောက်များ၊ ရေသန့်စက်များ လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီး လှုပ်ခတ်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဘရာဇီးလ်နိုင်ငံမှ လှူဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့်အစားအစာခြောက်များ၊ ရေသန့်စက်များ စုစုပေါင်း ၁၃ ပုံး၊ ၅၈၂၀ ကီလိုဂရမ် တင်ဆောင်လာသည့် Korean Air လေကြောင်းလိုင်းမှ Airbus လေယာဉ်သည် ယမန်နေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ထိုသို့ရောက်ရှိလာသည့်ပစ္စည်းများကို ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes နှင့် တာဝန်ရှိသူများထံမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လွှဲပြောင်းလက်ခံရယူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေး၍ ငလျင်ဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)




○ စာမျက်နှာ ၄ မှ

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်ရှိ ဆင်ဖြူတော်ဝပ်ကျောင်းတိုက်၌ စုကြီးရပ်ကွက် အန္တရာယ်ရှိ နယ်မြေမှ ပြောင်းရွှေ့သီတင်းသုံး နေတော်မူသော သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အများပြည်သူ အန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အဆင့် ပြင်ဆင်မွမ်းမံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လျှောက်ထားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### သွားရောက်ကြည့်ရှု

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက် ရေနားကျောင်းတိုက်ရှိ ဖြိုဖျက်ပြီးအဆောက်အအုံများအား တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်ရှိ စိုက်ပျိုးရေးသုတေသနခြံ၌ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ အဆောက်အအုံများပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်၍ ငလျင်ဒဏ် အင်အားရစ်(ချ်)တာစကေး ၈ အဆင့်အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက် ရှိကြောင်း၊ သီးခြားလိုအပ်ချက်များ၊ အခက်အခဲများကိုလည်း ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ သတင်းပို့တင်ပြသွားနိုင်ကြောင်း မှာကြားခဲ့ပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက် ဆက်လက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိ Royal-D အားဖြည့်အချိုရည်စက်ရုံသို့ သွားရောက်၍ လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှု အခြေအနေများနှင့် ရေဆိုးစနစ် စွန့်ပစ်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စဉ့်ကိုင်မြို့နယ်ရှိ KT အစာတောင့်စက်ရုံနှင့် ဗီဂါပလတ်စတစ်စက်ရုံတို့သို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်း၊ စက်ပစ္စည်းများ ချို့ယွင်းခြင်းတို့ ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ပြုပြင်ပြီးစီး၍ လုပ်ငန်းများ ပြန်လည် လည်ပတ်နေမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ချဲလ်ဆီးအသင်း တစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် အသင်းဖော်များရွေးချယ်သည့် အကောင်းဆုံးကစားသမားဆုကို ကိုင်စီဒိုဆွတ်ခူး



လန်ဒန် မေ ၆

ချဲလ်ဆီးအသင်းမှ ပေးအပ်သည့် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုနှင့် အသင်းဖော်များ ရွေးချယ်သည့် အကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမား ကိုင်စီဒိုက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၁ပွဲကစားပြီး ၁ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကိုင်စီဒိုက "ကျွန်တော် အခုလိုဆုတွေ ဆွတ်ခူးရရှိခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလို ဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့အတွက် ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)

✡ စာမျက်နှာ ၂၄ မှ

တွင် ရန်ကုန်ယူနိုက်တက်အသင်း ပင်နယ်တီရရှိခဲ့ပြီး ဇင်မိုးပြည့်က သွင်းယူ ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် သတ္တမမြောက်ဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ဆွေမာအောင်က ထောင့်ကန်ဘောမှ တိုက်ရိုက်သွင်းယူခဲ့ကာ အဆုံးသတ်အနိုင်ဂိုးကို ၈၇ မိနစ်တွင် လူစားဝင်ကစားသမား ချမ်းမြေ့ထွန်းက အဝေးမှ တိုက်ရိုက်ကန်သွင်းယူခဲ့သည်။

ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းသည် လက်ရှိ Myanmar Women League ပြိုင်ပွဲတွင် ၄ပွဲကစား ၊ ၃ပွဲနိုင်၊ ၁ ပွဲရှုံးဖြင့် ရမှတ် ၉ မှတ်ရရှိထားပြီး လာမည့် စက်တင်ဘာလ ၅ ရက်နေ့တွင် Yangon Royals အသင်းနှင့် YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)




## (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

အောင်လံ မေ ၆

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကို ယနေ့ နံနက် ၈ နာရီက အောင်လံမြို့၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မိန့်ခွန်းပြောကြားပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ပေးပို့သည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု Video Clip အား Power Point ဖြင့် ပြသပေးသည်။ (ဝဲပုံ)

ဆက်လက်၍ အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ငလျင်ဘေးတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးလွင်က ပြည်သူ့ဆေးရုံကြီးတွင် သွေးလှူဒါန်းခဲ့သည့် သနွေနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၆

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ) က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်ဆက်သွယ်ရေး ဘာသာရပ်၌ ပါဝင်သည့် သင်ခန်းစာများအား သင်ကြားခြင်း၊ လေ့လှော်ခြင်းနှင့် ရွက်တိုက်ခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၃၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၅၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်းသူ ၁၄၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီး၌ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်း လူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀၀ တို့ကို လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။



ရေကြောင်းလူငယ်အခြေခံသင်တန်းမှ သင်တန်းသား သင်တန်းသူများအား လှေလှော်ခြင်းနှင့် ရွက်တိုက်ခြင်းဘာသာရပ်ကို သက်ဆိုင်ရာတာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။

အလားတူ တပ်မတော်(လေ) က အခြေခံလေကြောင်းလူငယ် သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မိတ္ထီလာ သင်တန်းစခန်းမှ သင်တန်းသား ၄၈ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန် သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦး၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ သင်တန်းသား ၅၇ ဦး၊ မကွေးမြို့ရှိ မကွေးသင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦး၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်း စခန်းမှ သင်တန်းသား ၅၂ ဦးနှင့် မော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၆၁ ဦးအား အခြေခံစစ်ရေးပြ ဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေယာဉ် ပျံသန်းမှု အခြေခံသဘောတရား ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် ဓာတ်သွေးဓာတ်မာန် ဘာသာရပ်၊RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း ဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်း စခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြား ပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများသို့ သွားရောက်၍ လက်တွေ့ကွင်းဆင်း လေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်



အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား သင်တန်းသူများ လေတပ်စခန်းများရှိ လေယာဉ်များကို လက်တွေ့လေ့လာကြစဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသားများ လေတပ်စခန်းများရှိ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ လက်တွေ့လေ့လာကြစဉ်။

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၆

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် မေ ၆ ရက်အထိ သေဆုံးသူ ၃၇၈၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၈၈ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၄ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၅ ရက် ညနေ ၅ နာရီမှ မေ ၆ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဘရာဇီးနိုင်ငံက ထောက်ပံ့သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့် အစားအစာခြောက်များ၊ ရေသန့်စက်များ စုစုပေါင်း ၅ ဒသမ ၈၂ တန်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် ဗီယက်နမ်နိုင်ငံမှ Mrs. Grand International 2022 ဦးဆောင်သော ပရဟိတအဖွဲ့က ထောက်ပံ့သည့် ငါးသေတ္တာ၊ နွားနို့ ခြင်ထောင်များ စုစုပေါင်း ၀ ဒသမ ၅ တန်နှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် ဟနွိုင်းမြို့ရှိ ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံသံရုံးက ထောက်ပံ့သည့် ဆားဖျော်ရည်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးစသည့် ကတ်ထူပုံး ၀ ဒသမ ၂၆ တန် ရောက်ရှိခဲ့သည်။ အလားတူ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (MIP) သို့လည်း ဗီယက်နမ်နိုင်ငံက ထောက်ပံ့သော နွားနို့ ၁၄ တန် ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

### ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Taylor Swift ၏ ကြောင် Olivia Benson မှာ အချမ်းသာဆုံးသက်ရှိကြောင်ဖြစ်ခဲ့

ကမ္ဘာကျော်အဆိုတော် တေလာဆွစ်၏ ကြောင် Olivia Benson မှာ ၂၀၁၉ ခုနှစ်တွင် ဆုံးပါးသွားသည့် Grumpy Cat ကြောင့် အချမ်းသာဆုံး သက်ရှိကြောင် ဖြစ်ခဲ့သည်ဟု





ဟောလီဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကြောင်တစ်ကောင်၏ ချမ်းသာမှုကို စီမံခန့်ခွဲရာတွင် နိုင်ငံတကာ၌ ရုပ်ရှင်ပိုင်းဆိုင်ရာဖြစ်စေ ကုန်ပစ္စည်းကြော်ငြာဖြစ်စေ၊ ဗီဒီယိုဖြစ်စေ တိရစ္ဆာန်များကို ထည့်သုံးလျှင် အနုပညာကြေးပေးရပြီး နာမည်ကျော် တိရစ္ဆာန်ဖြစ်လာသည့်အခါ ငွေကြေးကိုပိုင်ရှင်က ဘဏ်တွင် အကောင့်ဖွင့်၍ စောင့်ရှောက်ရေး အသုံးစရိတ် ချန်ပြီးမှ သုံးယူခွင့်ရှိသည်။

ပိုင်ရှင်ထက်ကြောင်က စောစွာ သေဆုံးခဲ့လျှင် ပိုင်ရှင်က ငွေကို ဆက်ခံခွင့်ရှိပြီး ပိုင်ရှင်ကွယ်လွန်မှ သေတမ်းစာအတိုင်းဆောင်ရွက်ရကာ ကမ္ဘာ့အချမ်းသာဆုံးကြောင် Grumpy Cat သည် ၂၀၁၉ခုနှစ်တွင် ဆုံးပါးခဲ့၍ တေလာဆွစ်၏ကြောင် Olivia Benson က အမေရိကန်ဒေါ်လာ ၉၇သန်းချမ်းသာ၍ အချမ်းသာဆုံးသက်ရှိကြောင်ဖြစ်ခဲ့သည်။ **(SKY)**



## စိတ်၏စွမ်းရည်ကို ထိန်းသိမ်းရန်အတွက် ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှု အရေးပါ

အမေရိကန်ပြည်ထောင်စု မစ်ဆူရီတက္ကသိုလ်မှ လေ့လာမှုအသစ်တစ်ခုအရ ဦးနှောက်သည် ၎င်း၏ အဓိကစွမ်းအင်အရင်းအမြစ်များထဲမှ တစ်ခုကို ချို့တဲ့နေစဉ်တွင်ပင် ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုသည် စိတ်၏စွမ်းရည်ကို ထိန်းသိမ်းရန်အတွက် အရေးကြီးကြောင်း ထောက်ပြထားသည်။ သုတေသီများဖြစ်သော တေလာကယ်လ်တီနှင့် အာစကော့ရက်တာတို့နှစ်ဦး ဦးဆောင်ပြုလုပ်ခဲ့သည့် အဆိုပါသုတေသနသည် လေ့ကျင့်ခန်းနှင့် ဦးနှောက်ကျန်းမာရေးကြားက ဆက်နွယ်မှုကို သိမြင်လာစေသည်။ ခန္ဓာကိုယ်သည် ၎င်း၏ပုံမှန် လောင်စာ-ဂလူးကို့စ်နည်းပါးသွားသောအခါ အသည်းသည် ဦးနှောက်အား စွမ်းအင်ပေးရန် အခြားရွေးချယ်စရာ စွမ်းအင်အရင်းအမြစ်ဖြစ်သော ကီတုန်းများကို ထုတ်လုပ်ပေးကြောင်း တွေ့ရှိခဲ့သည်။ ၎င်းတို့၏ တွေ့ရှိချက်များအရ ပုံမှန်ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုသည် ယခင်ထင်မြင်ခဲ့သည်ထက် ဉာဏ်ရည်ကျဆင်းမှုကို ကာကွယ်ရာတွင် ပိုမိုထိရောက်နိုင်မည်ဟု ဆိုသည်။

၂၀၆၀ ပြည့်နှစ်တွင် အယ်လ်ဇိုင်းမားရောဂါရှိသည်ဟု ရောဂါရှာဖွေတွေ့ရှိခံရသည့် အမေရိကန်လူမျိုးဦးရေသည် နှစ်ဆထက်ပိုများလာမည်ဟု ခန့်မှန်းထားသည့်အတွက် ယင်းသုတေသနရလဒ်မှာ အရေးပါလာပါလိမ့်မည်။ **(SCI)**

## Big Bang မှ Seungri ၏ Burning Sun အင်တာတိန်းမင့် တရားဝင်ဖျက်သိမ်းခံရ

ဘစ်ဘန်အဖွဲ့ဝင် ဆောင်ရီ၊ အဆိုတော်ဂျောင်ဂျွန်ယောင်၊ အက်ဖ်တီအိုင်လန်အဖွဲ့ဝင်ဟောင်းတို့ အပါအဝင် ၂၀၁၆ခုနှစ်တွင် ဖြစ်ခဲ့သည့်အမှုအရ Burning Sun အင်တာတိန်းမင့်ကို တရားဝင်ဖျက်သိမ်းကြောင်း မတ် ၂၅ရက်က ကြေညာခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာမည်ဆိုးနှင့်ကျော်ကြားခဲ့သည့် Burning Sunနိုက်ကလပ်၏ နောက်ကွယ်မှ Burning Sun အင်တာတိန်းမင့်သည် မတ် ၁၈ ရက် ဒေဝါလီခံမှု တရားဝင်စတင်ခဲ့ပြီးနောက် ဆိုးလ်ဒေဝါလီခံတရားရုံး၏ဌာနခွဲ ၁၃မှ တရားသူကြီး ကန်ဟွမ်ဂူက ရလဒ်အနေနှင့် ယင်းကုမ္ပဏီဖျက်သိမ်းကြောင်း မတ် ၂၅ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ကေအက်စ်တီတရားဝင်သတင်းရင်းမြစ်က ဖော်ပြသည်။

ဘစ်ဘန်အဖွဲ့ဝင်ငါးဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည့် ဆောင်ရီနှင့် အပေါင်းအပါများလည်း ယင်းအမှုအတွက်ပြစ်ဒဏ်အသီးသီး ခံယူခဲ့ကြရသည်။ **(SKY)**







## The Tearsmith အီတလီအချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်

မျိုးဆက်သစ်လူငယ်များအတွက် TheTearsmith အီတလီအချစ်ဇာတ်လမ်းတွဲတစ်ပုဒ်ကို ဖန်တီးတင်ပြထားကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ကားမတော်တဆမှုကြောင့် မိဘနှစ်ပါးဆုံးရှုံး၍ မိဘမဲ့ဂေဟာသို့ရောက်ရှိလာသည့် မိန်းကလေးမှ သူ့ကို ရင့်ရင့်သီးသီးဆက်ဆံလေ့ရှိသည့် ကောင်လေးနှင့် သူငယ်ချင်းသစ်တစ်ဦးကိုပါ တွေ့ဆုံခဲ့သည်။

အရွယ်ရောက်လာချိန်တွင် မိန်းကလေးနှင့်အတူ ရင့်သီးကြမ်းတမ်းစွာ ပြောဆိုတတ်သည့် ကောင်လေးတို့ကို မိလိုက်နိမ်သားစုက မွေးစားရန်ခေါ်ဆောင်သွား၍ မိဘသစ်နှင့် မေတ္တာအပြည့်အဝရရှိခဲ့သည်။

မိဘသစ်၏မေတ္တာ အပြည့်အဝနှင့် ပျော်ရွှင်ခွင့်ရခဲ့သော်လည်း မိဘမဲ့ဂေဟာတွင် ကြုံခဲ့ရသည့် အကျိုးဆက်များကို ခံစားနေရကာ ကောင်လေး၏ ရင့်ရင့်သီးသီး ဆက်ဆံရခြင်းအကြောင်းအရင်းကိုပါ သိရှိသွားချိန်တွင် အချစ်ဇာတ်လမ်းတစ်ပုဒ် ပေါ်ပေါက်လာခဲ့ပုံကို ရိုက်ကူးထားသည်။ **(SKY)**

## G Dragon က ဧပြီလအတွင်း မျိုးဆက်သစ်ပေါင်းစုံ၏ ထိပ်တွင်နေရာယူထား

မျိုးဆက်သစ်ပေါင်းစုံ၏ ထိပ်ဆုံးနေရာတွင် ဧပြီလတစ်လအတွင်း April Boy Group Individual Brand Reputation Index Rankingတွင် ဂျီဒရယ်ဂွန်က နေရာယူထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းအရ ဘစ်ဘန်မှ ဂျီဒရယ်ဂွန်၊ အက်စထရိုမှ ချာအန်ဝူး၊ ဘီတီအက်စ်မှ ဂျီမင်နှင့်ဂျောင်ဂု၊ ဝမ်နားဝမ်းမှ ပတ်ကျီဟွန်းနှင့် ကန်ဒယ်နီရယ် ဘီတီအက်စ်မှ ဂျင်ဗီနှင့်ဆူဂါ ရှိုင်နီးမှ ကီး၊ မွန်းစတားအိပ်စ်မှ မင်ဟွတ်၊ အိပ်ဇိုမှဘိတ်ဟွမ်သည် ဘိုင်းဖ်မှ ဆန်ဝူ၊ ရီကီမှ ဝမ်ဘင်း စသည့် မျိုးဆက်သစ်ပေါင်းစုံ ပါဝင်ထားကြသည်။

ကေပေါ့ပ်ဒုတိယမျိုးဆက်၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ စသည့် မျိုးဆက်ပေါင်းစုံကို ကျော်လွန်၍ ဂျီဒရယ်ဂွန်သည် ထိပ်ဆုံးနေရာကို ရယူထားသည်။ **(SKY)**

## BTS မှ V ၏ ဓာတ်ပုံကို Big Hit က ဖျက်ပေးရန် တောင်းဆိုထား

ဘီတီအက်စ်၏ အေဂျင်စီဖြစ်သော ဘစ်ဟစ်ကအဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်း သင်တန်းတက်ရောက်စဉ် ဂန်ဝမ်ပြည်နယ်ရှိ Chuncheon မြို့မှ ဓာတ်ပုံကို ဖျက်ပေးရန် တောင်းဆိုထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်) ကင်ထယ်ယောင်းက သင်တန်းတက်နေစဉ်အတွင်း အဆိုပါမြို့သို့ အလည်သွားရင်း ပန်းချီနံရံအောက်၌ ဓာတ်ပုံရိုက်ခဲ့ရာမှ Chu-ncheon မြို့တော်ဝန်ကလည်း အလားတူ ဓာတ်ပုံနှင့် မြို့တော်ကို ဂုဏ်ယူစွာ ဖော်ပြထားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဘစ်ဟစ်အင်တာတိန်းမင့်က ဗွီ၏ ဓာတ်ပုံကို ဖျက်ပေးရန် တောင်းဆိုထားရာ ကိုယ်ရေးကိုယ်တာဓာတ်ပုံဖြစ်၍ဟု ဆိုထားသဖြင့် ပရိသတ်များ ဝေဖန်ထားကြသည်။ **(SKY)**

## Coming of Age အာဂျင်တီးနားရုပ်ရှင်ကား တစ်မူထူးခြားစွာ တင်ဆက်ထား

ရိုက်ကွင်းရိုက်ကွက်လှပမှုနှင့် တစ်မူထူးခြားစွာ တင်ဆက်ထားသည့် Coming of Age မှာရုပ်ရှင်ဆန်သည့် အာဂျင်တီးနားကားဖြစ်ကြောင်း ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဓိကဇာတ်ကောင်များမှာ စကားမပြောဘဲ စိတ်ထဲတွင်ရှိသည့် ကိုယ့်ဘာသာပြောနေသော ဇာတ်လမ်းဖြစ်ကာ ဖခင်သေဆုံးပြီးနောက် မိခင်က ချစ်သူများ တစ်ယောက်ပြီး တစ်ယောက်ပြောင်းခဲ့၍ သူကြုံတွေ့ရသော ဘဝကြောင့် စကားပြောချင်စိတ်ကင်းမဲ့ခဲ့ခြင်း ဖြစ်သည်။

လူဦးရေတစ်ရာကျော်ရှိသော ကျွန်းပေါ်မှ လူတစ်ဦးနှင့် မိခင်က ချစ်မိသွား၍ သားအမိနှစ်ဦး ကျွန်းပေါ်ရောက်လာရာမှ အသားကျသောဘဝကိုရခဲ့ကာ သူ့အချစ်ကို ရှာဖွေတွေ့ရှိသွားပုံကို တစ်မူထူးခြားစွာ ရိုက်ကူးတင်ပြထားသည်။

**(SKY)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဂျာမနီနိုင်ငံတွင် ယခင်အစိုးရဖွဲ့စည်းမှု ခြောက်လကြာပြီးနောက် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုး




**ဘာလင် မေ ၆**

ဂျာမနီနိုင်ငံတွင် ယခင် အစိုးရဖွဲ့စည်းမှု ခြောက်လကြာပြီးနောက် နိုင်ငံ၏ အဓိက လက်ယာပါတီများ၏ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကာ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် စီစဉ်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ခရစ်ယာန် ဒီမိုကရက်တစ်ယူနီယံ၊ လူမှုဒီမိုကရက်တစ်ပါတီနှင့် ဘာဗေးရီးယားအခြေစိုက် ခရစ်ယာန် ဆိုရှယ်ယူနီယံပါတီတို့သည် ဖေဖော်ဝါရီလတွင် ကျင်းပသော အရေးပေါ်ရွေးကောက်ပွဲမှ ခြောက်ပတ်ကာလအကြာတွင် အစိုးရဖွဲ့စည်းရေး သဘောတူညီချက်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သည်။

မဲပေးမှုတွင် ဒုတိယနေရာ ရရှိခဲ့သည့် အလယ်လက်ယာပါတီ အေအက်ဖ်ဒီကို ပိတ်ပင်ရန် အဓိကပါတီများက သဘောတူ ဖွဲ့စည်းထားသည့်တိုင် လာမည့် အစိုးရသစ်အနေဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ရမည်ဖြစ်သည်။

ခရစ်ယာန် ဒီမိုကရက်တစ်ယူနီယံ ခေါင်းဆောင် ဖရက်ဒရိတ်မားဇ်ကို ဝန်ကြီးချုပ်အဖြစ် အတည်ပြုမည်ဖြစ်ရာ ၎င်းအနေဖြင့် ဂျာမနီနိုင်ငံ၏ စီးပွားရေးကျဆင်းမှုကို ပြန်လည်နာလန်ထူလာစေရန် ဦးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ရိုမေးနီးယား ဝန်ကြီးချုပ် မာဆယ်ဆီအိုလာကူ ရာထူးမှ နုတ်ထွက် လူမှုဒီမိုကရက်ပါတီလည်း အစိုးရမှ စွန့်ခွာမည်ဟု ဆို

**ဘူခါရက်စ် မေ ၆**

လက်ယာအစွန်းရောက် အမျိုးသားရေးဝါဒီသမ္မတလောင်းတစ်ဦး ရွေးကောက်ပွဲ ပထမအဆင့် အနိုင်ရပြီးနောက် ရိုမေးနီးယားဝန်ကြီးချုပ် မာဆယ်ဆီအိုလာကူရာထူးမှ နုတ်ထွက်ကာ ၎င်း၏လူမှုဒီမိုကရက်ပါတီလည်း အစိုးရမှ စွန့်ခွာမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဥရောပသမဂ္ဂကို သံသယရှိသူ ဂျော့ဆီမီယန်သည် ရိုမေးနီးယားကို ဦးစားပေးမည်ဟု ကတိပြုထားပြီး ထောက်ခံမဲ ၄၀ ဒသမ ၉ ရာခိုင်နှုန်းကိုရရှိခဲ့ကာ မေလ ၁၈ ရက်တွင်ကျင်းပမည့် ဒုတိယအဆင့်ရွေးကောက်ပွဲတွင် အနိုင်ရမည်ဟု အများက မျှော်မှန်းထားသည်။

၎င်းသည် ဘူခါရက်စ်မြို့တော်ဝန် လစ်ဘရယ်ဝါဒီ နီကူရှောဒန်နှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ဒန်သည် လူမှုဒီမိုကရက်ပါတီ ကိုယ်စားလှယ်ကို မဲအနည်းငယ်ဖြင့်သာ အနိုင်ရခဲ့သည်။

နေတိုးအရှေ့ဘက်စွန်းရှိ အီးယူနိုင်ငံဖြစ်သော ရိုမေးနီးယားကို နိုင်ငံရေးအရှုပ်တော်ပုံ ထပ်မံဖြစ်စေခဲ့သည့် ဆီအိုလာကူသည် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှု ရည်မှန်းချက် မအောင်မြင်ခဲ့ရာမှ အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

၅၇ နှစ်ရှိပြီဖြစ်သော ဆီအိုလာကူသည် ၂၀၂၄ ရွေးကောက်ပွဲအပြီး အီးယူထောက်ခံသော ပူးပေါင်းအဖွဲ့တစ်ခုမှ အာဏာရလာခဲ့ပြီး ဂျော့ဆီမီယန်၏ အစွန်းရောက်လက်ယာပါတီနှင့် အခြားအုပ်စုနှစ်စုက မဲသုံးပုံတစ်ပုံရရှိခဲ့သည်။

ထိုပူးပေါင်းအဖွဲ့အတွင်းရှိ ပါတီများသည် ဆုံးဖြတ်ချက်ချမှတ်ရန် ယမန်နေ့က အရေးပေါ်အစည်းအဝေးများ ကျင်းပခဲ့ကြောင်း သိရသည်။ **Mon**



## ရဝန်ဒါနိုင်ငံခြားရေးဝန်ကြီး အိုလီဗီယာ အန်ဒူဟန်ဂီရီဟေး အမေရိကန်မှ နိုင်ငံကူးပြောင်းခွင့်မရှိသူများကိုစွ ပြောကြား



**ကီဂါလီ မေ ၆**

ရဝန်ဒါနိုင်ငံခြားရေးဝန်ကြီး အိုလီဗီယာ အန်ဒူဟန်ဂီရီဟေးက အမေရိကန်ပြည်ထောင်စုမှ နိုင်ငံကူးပြောင်းနေထိုင်ခွင့်မရှိသူများကို ပြန်လည်နှင်ထုတ်ရာတွင် လက်ခံမည့်နိုင်ငံအဖြစ် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ယမန်နေ့က အတည်ပြုပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယခုဖြစ်စဉ်သည် ဗြိတိန်နှင့် လုပ်ဆောင်ခဲ့သည့် အလားတူအစီအစဉ် ပျက်သွားပြီးနောက် တစ်နှစ်မပြည့်မီ "အရာရာ ဘယ်လိုဆက်ဖြစ်မည်ကို တိကျစွာပြောနိုင်သည့် အဆင့်မရောက်သေးသော်လည်း ဆွေးနွေးမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်"ဟု ရဝန်ဒါအစိုးရ ရုပ်မြင်သံကြား ထုတ်လွှင့်ရေးဌာနနှင့် တွေ့ဆုံခန်းတွင် ၎င်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်လ်ထရမ့်အစိုးရ၏ နိုင်ငံကူးစာရွက်စာတမ်းမပါဘဲ ဝင်ရောက်လာသူများနှင့် အခြားနိုင်ငံသားမဟုတ်သူများကို နှင်ထုတ်ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နေစဉ် လက်ခံမည့်နိုင်ငံများ ရှာဖွေနေသည်ဟု ယခင်အပတ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူးဘီယို ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## စင်ကာပူ-တောင်ကိုရီးယား သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့်မြောက် အထိမ်းအမှတ် အစားအစာနှင့် အနုပညာဖလှယ်ခြင်း စီစဉ်ဆောင်ရွက်

**စင်ကာပူ မေ ၆**

ယခုနှစ်တွင် စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့်မြောက်သည်ကို အထိမ်းအမှတ်ပြုလျက် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်ကို အဆင့်မြှင့်တင်ရန်နှင့် ပညာရေး၊ ကာကွယ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ကျယ်ပြန့်စွာ ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းအထူးအခါသမယကို ဂုဏ်ပြုသောအားဖြင့် နှစ်နိုင်ငံအစားအစာဖလှယ်ခြင်းမှ ခေတ်ပြိုင်အနုပညာဖလှယ်ခြင်းအထိ လှုပ်ရှားမှုမျိုးစုံဖြင့် စင်ကာပူ၏ အနှစ်သာရကို ဆိုးလ်မြို့သို့ ယူဆောင်လာရန် အစီအစဉ်များ ပြင်ဆင်လျက်ရှိသည်။

ယခင်လက တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ဆေးဂျုံးအနုပညာဗိမာန်တွင် စင်ကာပူခေတ်ပေါ်အကအဖွဲ့ဖြစ်သော တီအိတ်ချ်အီးအကအဖွဲ့၏ ဖျော်ဖြေပွဲကို တောင်ကိုရီးယားနိုင်ငံသားများ ခံစားကြည့်ရှုခွင့်ရခဲ့သည်။

၁၉၇၅ ခုနှစ် ဩဂုတ်လတွင် သံတမန်ဆက်ဆံရေး စတင်ခဲ့သည့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးအစဉ်အလာကို နက်ရှိုင်းစေရန် ဤဖျော်ဖြေပွဲကို စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## နယူးယောက်မြို့ နီဝပ်လစ်ဘာတီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ထိန်းချုပ်သူများနှင့် လေယာဉ်များ အဆက်အသွယ် ပြတ်တောက်

**ဝါရှင်တန် မေ ၆**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ အစည်ကားဆုံးလေဆိပ်တစ်ခုဖြစ်သော နီဝပ်လစ်ဘာတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေကြောင်းထိန်းချုပ်သူများသည် ယမန်နေ့က ၎င်းတို့ ထိန်းချုပ်ထားသော လေယာဉ်များနှင့် ဆက်သွယ်မှု ခဏတာ ပြတ်တောက်သွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့အဆက်အသွယ်ပြတ်တောက်မှုကြောင့် ဝန်ထမ်းများစွာ အနားယူခဲ့ရပြီး လေယာဉ်ခရီးစဉ် ရာနှင့်ချီနောက်ကျကာ မေ ၅ ရက်တစ်ရက်တည်းမှာပင် ခရီးသည်တင်လေယာဉ်ခရီးစဉ် ၁၅၀ ကျော် ပယ်ဖျက်ခဲ့ရသည်။

အဆိုပါလေဆိပ်တွင် ရက်သတ္တတစ်ပတ်ကျော်ကြာ ဝန်ထမ်းအခြေအနေ မလုံလောက်မှုကို ရင်ဆိုင်နေခဲ့ရပြီးနောက် ယင်းပြဿနာကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

လေကြောင်းပျံသန်းမှု ထိန်းချုပ်သူများနှင့် လေယာဉ်များအကြား ဆက်သွယ်မှု "စက္ကန့် ၃၀" ပြတ်တောက်သွားခဲ့သော်လည်း လေယာဉ်များ ထိခိုက်ပျက်စီးမှုမရှိခဲ့ဟု အမေရိကန် သယ်ယူပို့ဆောင်ရေးဝန်ကြီး ရှောင်ဒပ်ဖီက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**



ဒုတိယကမ္ဘာစစ်တွင် နာဇီဂျာမနီတပ်များကို ဥရောပက အောင်နိုင်သောနေ့ အထိမ်းအမှတ် တိုက်လေယာဉ်များ အလှပြပျံသန်းကြသည်ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ရှိ ဘာမင်ဂမ်နန်းတော်ထက်မှ ယမန်နေ့က မြင်တွေ့ရစဉ်။ **Mon**

## ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်း ဧပြီလတွင် ၁ ဒသမ ၄ ရာခိုင်နှုန်းအထိ လျော့နည်း

**မနီလာ မေ ၆**

ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်းသည် ဧပြီလတွင် ၁ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အစိုးရထုတ်ပြန်သော အချက်အလက်များအရ ယခင်လကရှိခဲ့သည့် ၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက လျော့နည်းလာခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း တွေ့ရှိရသည့် အသင့်အတင့်ဆုံး နှုန်းထားဖြစ်သည်။

စီးပွားရေးပညာရှင်အချို့က ဧပြီလအတွက် ငွေကြေးဖောင်းပွမှုနှုန်း ၁ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့ကြပြီး ဗဟိုဘဏ်၏ ခန့်မှန်းချက်မှာမူ ၁ ဒသမ ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၁ ရာခိုင်နှုန်းအတွင်း ရှိခဲ့သည်။

စွမ်းအင်နှင့် အစားအစာဈေးနှုန်းများကဲ့သို့ အတက်အကျမြန်သော ထုတ်ကုန်များကို ဖယ်ထုတ်ထားသည့် အခြေခံငွေကြေးဖောင်းပွမှုနှုန်းမှာ ၂ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပြီး မတ်လက နှုန်းထားနှင့် အတူတူပင်ဖြစ်သည်။

ဖိလစ်ပိုင်ဗဟိုဘဏ်အနေဖြင့် လွန်ခဲ့သောလက ၎င်း၏ အဓိကမူဝါဒအတိုးနှုန်းကို ၂၅ အထိ ဖြတ်ချ၍ ငွေကြေးဖြေလျှော့မှုစက်ဝန်းကို ပြန်လည်စတင်ခဲ့ပြီး နောက်ထပ် မူဝါဒအစည်းအဝေးကို လာမည့် ဇွန်လ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် မေ ၆**

မကွေးတိုင်းဒေသကြီး၊သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို မေ ၅ရက် နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ကြသည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ဇော်ထက်(သရက်)**

## မီးဘေးကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျွန်းလှ မေ ၆**

ကျွန်းလှမြို့နယ်မီးသတ်ဦးစီးဌာနမှ ယမန်နေ့က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ကျွန်းလှမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအသိ၊ မီးဘေးသတိရှိပြီး မီးဘေးကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးသတ်ဆေးဘူးအသုံးပြုနည်း၊ မီးလောင်ကျွမ်းရခြင်းအကြောင်း၊ မီးဖို၊ ဘုရားမီးနှင့် လျှပ်စစ်မီးသုံးစွဲလျှင် လိုက်နာရမည့်အချက်များ၊ အထပ်မြင့်တိုက်မီးလောင်လျှင် ဆောင်ရွက်ရမည့်အချက်များ၊ မီးလောင်လျှင် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပါရှိသည့် အသိပညာပေးလက်ကမ်းစာစောင်များကို လူစည်ကားသောနေရာများ၌ ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းဟန်ထံမှ သိရသည်။

ကျွန်းလှမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ အသိပေးနှိုးဆော်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)



## စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မေ ၂ ရက် နံနက် ၈ နာရီခွဲက တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအနီးတွင် လော်စီခမ်း(ခ)ကျရှီးပါး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်းအလေး ချိန် ၂ ကီလို၊ Happy Water အလေးချိန် ၀ ဒသမ ၆ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လော်စီခမ်း(ခ)ကျရှီးပါး (၃၆)နှစ်အား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၅၁ မျိုးကိုလည်းကောင်း၊ ဟိုပုံးတပ်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ၁၁ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck ငါးစီး၊ Nissan Diesel Truck လေးစီး၊ Hino Profia Truck တစ်စီး၊ Shwe Chan Truck တစ်စီးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်တစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂ ရက်နှင့် ၃ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီးကိုလည်းကောင်း၊စစ်ကိုင်းမြို့၊ ကျော်ထက် မီးပွိုင့်အနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီးကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် သယ်ဆောင်ခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလီစစ်ဆေးရေးဂိတ်၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီးနှင့် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ngwe Kyair Sin Truck တစ်စီးတို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၇၃ တန်၊ အခြားသစ် ၄၀ ဒသမ ၁၃၇ တန်ကို သစ်တောဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေကြက်ယက်ဆိပ်ကမ်း၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုးနှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။









ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး တရုတ်နိုင်ငံသား ၁၄ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မေ ၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ် (KK Park)၊ မယ်ထော်သလေးနှင့် ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်(တိုင်ပေ)နိုင်ငံသား ၅၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၁ ဦး၊ သီရိလင်္ကာနိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် ဆီရာလီယွန်နိုင်ငံသား ၅ ဦး စုစုပေါင်း ၁၂၈ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်နှင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံရုံးမှ Ambassador Ms. E.A.S Wijayanthi Edirisinghe နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ ဆီရာလီယွန်သမ္မတနိုင်ငံသံရုံးမှ Deputy Ambassador Mr.Saffa-Woya Rogers နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖယ်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wend-wosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအခြေစိုက် Taipei Economic & Cultural Office in Thailand မှ Deputy Director Mr. Asad Cheng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ ရွှေကုက္ကိုလ် (KK Park)နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့်ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၄ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၀၅၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၇၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gam-bling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Coo-peration)တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့် အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပဲခူး - မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် မေ ၆

ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ မွန်ပြည်နယ် ဘီးလင်းမြို့နယ် နှင်းပုလဲဘူတာနှင့် တောင်စွန်းဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၁၂/၁၀-၁၁ ရှိ အရှည်ပေ ၆၀ ရှိသော ရထားတံတား အမှတ် (၆၅)အောက်၌ မေ ၅ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ရထားတံတား ထိခိုက်ပျက်စီးနေကြောင်း သိရှိရသဖြင့် နှင်းပုလဲနှင့် တောင်စွန်းရထားလမ်းပိုင်းအား ယာယီပိတ်ထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများနှင့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် တံတား၏ သံပေါင်နှစ်ခုပြုတ်ကျခြင်း၊ ရေလယ်တိုင်တစ်တိုင်နှင့် တံတားဇလီဖားတုံးအချို့ ပျက်စီးခြင်းတို့အပြင် အခင်းဖြစ်ပွားရာနေရာအနီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို တံတားပေါ်တွင် ထပ်မံတွေ့ရှိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ပြေးဆွဲနေသော အမှတ် (၈၁) အဆန်/အမှတ်(၈၂)အစုန် လူစီးရထားများအား ယာယီရပ်နားခဲ့ရပြီး လက်မှတ်ဝယ်ယူထားရှိသည့် ခရီးသည်များအား လက်မှတ်ခများကို ပြန်လည်ပေးအပ်၍ မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် ရထားလမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ပျက်စီးသွားသည့် တံတားနှင့်သံလမ်းအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၈၁ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း ၁၇၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားအမှတ်(၆၅) ထိခိုက်ပျက်စီးမှုအခြေအနေ။



နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားအမှတ်(၆၅)၏ ပျက်စီးမှုများအား ပြန်လည်ပြုပြင်နေစဉ်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများ အနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။


■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## လီဗာပူးအသင်းနှင့် ယခုနှစ်ရာသီကုန်တွင် လမ်းခွဲတော့မည်ဟု လူမှုကွန်ရက်မှတစ်ဆင့် အာနိုးလ်အတည်ပြု

**လန်ဒန် မေ ၆**

နောက်ခံကစားသမား



အာနိုးလ်က ၄င်း၏လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် လီဗာပူးအသင်းမှ ထွက်ခွာပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

နောက်ခံကစားသမား အာနိုးလ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၃၅၂ ပွဲကစားပြီး ၂၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ အာနိုးလ်က "ကျွန်တော်အခု ဘဝရဲ့ ခက်ခဲသော ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါပြီ။ဒါက လီဗာပူး အသင်းနဲ့ ယခုနှစ်ဘောလုံးရာသီအကုန်မှာ လမ်းခွဲတော့မှာဆိုတာပါပဲ။ လီဗာပူးအသင်းမှာ ကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ" ဟုပြောသည်။ (ဝဲပုံ)

(NGB)

## အိုဗီိုင်း တံကောက်ကြောဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိ



**လန်ဒန် မေ ၆**

နော်တင်ဟမ်ဖောရက်စ်အသင်း တောင်ပံကစားသမား အိုဗီိုင်း တံကောက်ကြောဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစားသမားသည် နော်တင်ဟမ်ဖောရက်စ်အသင်းက ဘရန့်ဖို့ဒ်အသင်းအား နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

အိုဗီိုင်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အိုဗီိုင်းသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၃ပွဲ ကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)

## ဆာလီဘာ အသင်းတွင်ပျော်ရွှင်လျက်ရှိဟု နည်းပြ အာတီတာပြောကြား

**လန်ဒန် မေ ၆**

နောက်ခံကစားသမား ဆာလီဘာ အသင်းတွင် ပျော်ရွှင်လျက်ရှိကြောင်း အာဆင်နယ်အသင်းနည်းပြ အာတီတာက အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဆာလီဘာသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၁ ပွဲကစားပြီး ၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

နည်းပြ အာတီတာက "ဆာလီဘာ အသင်းမှာ ပျော်ရွှင်နေပါတယ်။ သူ့အနေနဲ့ လုံးဝ အသင်းပြောင်းရွှေ့မှာ မဟုတ်ပါဘူး။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)





## နည်းပြ ဒန်နီယယ်ဖာ့ခ် လိဒ်စ်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် မေ ၆**

နည်းပြ ဒန်နီယယ်ဖာ့ခ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု လိဒ်စ်အသင်းဥက္ကဋ္ဌဖြစ်သူ မာရာသီက အတည်ပြု ပြောကြားခဲ့သည်။

နည်းပြ ဒန်နီယယ်ဖာ့ခ်သည် ယခုနှစ်ဘောလုံးရာသီတွင် လိဒ်စ်အသင်းအား လိဂ်ချန်ပီယံဆု ဆွတ်ခူးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ (အပေါ်ပုံ)

နည်းပြ ဒန်နီယယ်ဖာ့ခ်သည် လိဒ်စ်အသင်းအား ၂၀၂၃ ခုနှစ် ဇူလိုင် ၄ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀၄ ပွဲ ကိုင်တွယ်ရာ ၆၁ပွဲနိုင်၊ ၂၅ပွဲ သရေ၊ ၁၈ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

လိဒ်စ်အသင်းဥက္ကဋ္ဌ မာရာသီက "နည်းပြ ဒန်နီယယ်ဖာ့ခ် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ယောက်ပါ။ အသင်းအနေနဲ့လည်း လာမည့်ဈေးကွက်အတွင်းမှာ ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားမှာပါ"ဟု ပြောသည်။ (NGB)

## ရစ်ချာလီဆန်အား ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် မေ ၆**

အဲဗာတန်အသင်းသည် စပါးအသင်းတိုက်စစ်မှူး ရစ်ချာလီဆန်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၅ ပွဲကစားပြီး ဂိုး ၂၀ထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

စပါးအသင်းကလည်း ရစ်ချာလီဆန်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဝန်းကျင်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။ (အောက်ပုံ)

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ ရစ်ချာလီဆန်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)



## ဘရူနိုဖာနန်ဒက်ဇ်အား လစာငွေအမြောက်အမြားပေးချေ၍ ခေါ်ယူရန် အယ်လ်ဟီလယ်အသင်းစီစဉ်

**မန်ချက်စတာ မေ ၆**

ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်ဟီလယ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်အား လစာငွေအမြောက်အမြားပေးချေ၍ ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄- ၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၅ပွဲကစားပြီး ၉၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်ဟီလယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်ကိုယ်တိုင်ကလည်း အယ်လ်ဟီလယ်အသင်း၏ မြင့်မားသည့် လစာငွေဖြင့် ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ထို့ကြောင့် အယ်လ်ဟီလယ်အသင်းအနေဖြင့် မန်ချက်စတာယူနိုက်တက်အသင်းထံမှ ဘရူနိုဖာနန်ဒက်ဇ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)



## 2025 Trophée Clarins တင်းနစ်ပြိုင်ပွဲ မေ ၁၂ရက်တွင် စတင်မည်

**ပဲရစ် မေ ၆**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပမည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Trophée Clarins တင်းနစ်ပြိုင်ပွဲလာမည့် မေ ၁၂ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Trophée Clarins တင်းနစ်ပြိုင်ပွဲကို မေ ၁၂ရက်မှ ၁၇ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Trophée Clarins တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Trophée Clarins တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ရုရှားတင်းနစ်မယ် Diana Shnaider ဖြစ်သည်။

(ဝဲပုံ) (NGB)




## ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်) ဒုတိယအကျော့ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | ပထမအကျော့ ရလဒ် | အမှတ်ပေးပွဲ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၅-၂၀၂၅ နံနက်၀၁း၃၀နာရီ | PSG - အာဆင်နယ် (ပြင်သစ်-၁) (အင်္ဂလန်-၂) | အာဆင်နယ် ၀-၁ PSG | PSG(အိမ်) | ၁၆ | ၁၃ | ၂ | ၁ | ၄၂ | ၁၅ |
| | | | အာဆင်နယ်(ဧည့်) | ၁၇ | ၈ | ၇ | ၂ | ၃၀ | ၁၄ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများအား လိုက်လံကြည့်ရှု

**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် တိုင်းဒေသကြီး စီမံကိန်းဦးစီးဌာနသို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ရုံးများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝန်ထမ်းများအား ရင်းနှီးစွာနှုတ်ဆက်ပြီး ညွှန်ကြားရေးမှူးများက မန္တလေးငလျင်ကြီးကြောင့် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးခဲ့မှု၊ ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာများသို့ ပြောင်းရွှေ့ပြီး ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့က ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးပြီးစီးမှုများနှင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြန်လည်အသုံးပြု၍ ရသည့် အဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းများ ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နိုင်ရန်အတွက် လိုအပ်ပါက ယာယီအဆောက်အအုံများ တည်ဆောက်ပေးသွားရန် စီစဉ်ထားပါကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားပြီး ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ









## မြို့နယ်များအတွင်း ငလျင်ဒဏ်သင့် ပြိုကျ၊ ယိုင်လဲနေသည့် အဆောက်အအုံများ၊ ကျောင်းတိုက်များရှိ အုတ်ကျိုးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်

**မန္တလေး မေ ၆**

အင်အားပြင်း မန္တလေးငလျင်ကြီး မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးမြို့၊ မြို့နယ်များအတွင်းရှိ အဆောက်အအုံများ၊ ကျောင်းတိုက်များနှင့် သာသနိကအဆောက်အအုံများနှင့် လမ်းများ ပျက်စီးပြိုကျခဲ့သည့်နေရာများတွင် အဆောက်အအုံအပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း၊ သန့်ရှင်းရေးနှင့် အများပြည်သူအသုံးပြုသွားလာနေသည့် လမ်းများ ပိတ်ဆို့မှုများ မရှိစေရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်တို့မှ တပ်မတော်သားများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ အဆောက်အအုံအပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အရှိန်အဟုန်မြှင့်ကာ အင်တိုက်အားတိုက် နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ယနေ့ နံနက်ပိုင်းမှစ၍ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ၈၄ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ လမ်း ၃၀၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား၊ လမ်း ၃၀၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြား၊ ၃၅ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ ၇၃ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ၂၆ လမ်း၊ လမ်း ၉၀ နှင့် ၉၁ လမ်းကြားတို့တွင် လည်းကောင်း၊ မဟာအောင်မြေမြို့နယ်အတွင်း အိမ်ရှင်များအစီအစဉ်ဖြင့် ငလျင်ဒဏ်သင့် အဆောက်အအုံများဖြစ်သည့် ၃၅ လမ်း၊ လမ်း ၉၀ သင်္ဂဇာချောင်းအကြား၊ ၃၅ လမ်း၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြား၊ ၃၅ လမ်း၊ ၈၄ လမ်းထောင့်၊ ၆၈ လမ်း၊ ၄၂ လမ်းနှင့် ၄၃ လမ်းကြား၊ ၃၇ လမ်း၊ ၆၅ B ထောင့်၊ ၃၇ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား၊ ၄၁ လမ်း၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြား၊ ၄၂ လမ်း၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြား၊ ၃၆ လမ်း၊ လမ်း ၉၀ နှင့် ၉၁ လမ်းကြား၊ ၆၄ B လမ်း၊ လမ်း ၄၀နှင့် ၄၁ လမ်းကြားနှင့် ပြည်ကြီးမျက်ရှင်ယာဉ်ရပ်နားစခန်းတို့ရှိ ငလျင်ဒဏ်သင့် အဆောက်အအုံများကို လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ဒက္ခိဏာရာမဘုရားကြီးတိုက် လယ်ပေါ်ကျောင်းအုတ်ကျောင်း နှစ်ထပ် ဖြိုဖျက်ရှင်းလင်းခြင်းကို လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မြေငလျင်ကြောင့် ပြိုလဲ၊ ယိုင်နဲ့ အဆောက်အအုံများအား အဆောက်အအုံနှင့် ကုန်ရုံဌာနနှင့် ပူးပေါင်းစစ်ဆေး မှတ်တမ်းတင်ခြင်းများ၊ အိမ်ရှင်များ အစီအစဉ်ဖြင့် ဖျက်သိမ်းခြင်း ဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံ ၃၃ လုံးအား စိစစ်ကြပ်မတ်ဆောင်ရွက်ခြင်းများကို လည်းကောင်း၊ အမရပူရမြို့နယ်အတွင်းရှိ ဆင်စွယ်ပွတ်ရပ်ကွက်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ မှန်တန်းရပ်ကွက်၊ ပုထိုးတော်ကြီး၊ ဈေးချိုရပ်ကွက်၊ ရွှေကူကြီးဘုရား၊ ရွှေဥမ်းထုပ်ရပ်ကွက်၊ ရွှေအိုးရရွှေဖားရကျောင်းတိုက်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ ဘုရားသုံးဆူ၊ ငယ်တိုးကျေးရွာတို့ရှိ အန္တရာယ်ရှိကျောင်းအဆောက်အအုံများ၊ စေတီပျက်နှင့် ကျောင်းအဆောက်အအုံပျက် အုတ်ကျိုးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းကို စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် လည်းကောင်း၊ ဆင်ကာအားကစားဝင်း၊ စစ်ကိုင်း-မန္တလေးလမ်း၊ ရွှေကြက်ယက်တန်ပိုဂိတ်မှ နွားပေါက်အထိ၊ အိုးတုတ္တွန်းအဝိုင်းနှင့် စစ်ကိုင်းတံတားအဟောင်းအကြားရှိ အမှိုက်ပုံများ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းတို့ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၅)

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရန်ကုန်မြို့အခြေစိုက် ထိုင်းသံရုံးမှ သံအမတ်ကြီး H.E.Mr.Mongkol Visitstump အား လက်ခံတွေ့ဆုံ

**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ရန်ကုန်မြို့အခြေစိုက် ထိုင်းသံရုံးမှ သံအမတ်ကြီး H.E.Mr. Mongkol Visitstump အား ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ခံစားရသော လူထုများရှိ နေရာဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနေမှုများ၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်



**ပုသိမ်ကြီး မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကျိုကုန်းကျေးရွာတွင် ငလျင်ဘေးသင့်ပြည်သူများအား နိုင်ငံတော်မှ ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါ ကျေးရွာဓမ္မာရုံတွင် ပြုလုပ်သည်။ **(ဓာတ်ပုံ)**

နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများကို မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက ထောက်ပံ့ငွေများ စနစ်တကျ ပေးအပ်နိုင်ရေး တာဝန်ရှိသူများ ပူးပေါင်းကာ ငလျင်ဘေးသင့်ပြည်သူများအား တစ်ဦးလျှင် ငါးသောင်းနှစ်ထောင်နှုန်းဖြင့် ပေးအပ်ထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မဟာအောင်မြေကျောက်မျက်ရတနာဈေးတွင် ပြည်ပဝယ်လက်များ ရောက်ရှိလာတော့မည်

**မန္တလေး မေ ၆**

မန္တလေး၊ မဟာအောင်မြေ ကျောက်မျက်ဈေးတွင် ကျောက်စိမ်း ကျောက်မျက်ရတနာအရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ပြည်ပဝယ်လက်လာရောက်ဝယ်ယူမှုနည်းပါး၍ ဈေးကွက်အေးနေကြောင်း ဈေးကော်မတီဝင်တစ်ဦးက ပြောသည်။

အဆိုပါ ကျောက်မျက်ဈေးတွင် လက်ရှိအချိန်၌ ပြည်ပကျောက်မျက်ကုန်သည်နည်းပါးသော်လည်း မေလ ၁၂ ရက်နောက်ပိုင်း ရောက်ရှိလာတော့မည်ဟု ဆိုသည်။

"ငလျင်ဖြစ်ပွားမှုကြောင့် ပြည်ပဝယ်လက်တွေက ပြန်သွားကြတော့ ဈေးကွက်မှာ ဝယ်လိုအားနည်းသွားတယ်။ ပြည်တွင်းဝယ်လက်ကုန်သည်တွေရဲ့ ဝယ်လိုအားနဲ့ပဲ အရောင်းအဝယ်ရှိတယ်။ ဝယ်လက်နည်းတော့ ဈေးကွက်မေးသွားတဲ့သဘောပါ" ဟု ၎င်းက ပြောသည်။

ပြည်ပကျောက်စိမ်း၊ ကျောက်မျက်ကုန်သည်များသည် ငလျင်ကြောင့် ကျောက်မျက်ဈေးသို့လာရောက်ဝယ်ယူရန် ၎င်းတို့ တည်းခိုရန်အတွက် အထပ်နိမ့်အဆောက်အအုံရှိ တည်းခိုခန်းများ ကြိုတင်စုံစမ်းသူများရှိနေပြီဟု သိရသည်။

ဆက်လက် ပြောကြားရာတွင် ငလျင်ကြောက်လို့ ကျောက်စိမ်း၊ ကျောက်မျက်လာဝယ်ဖို့ တော်တော်စဉ်းစားနေကြတာ။ တည်းခိုခန်း၊ ဟိုတယ်ခအပြင် နိုင်ငံခြားသားဝင်ခွင့် သတ်မှတ်ထားတော့ နေ့စဉ်ကုန်ကျစရိတ်ရှိတယ်။ မေ ၁၁ ရက်နောက်ပိုင်း ပြည်ပဝယ်လက်တွေ လာကြတော့မှာပါ" ဟု ဆိုသည်။**(မန္တလေးနေ့စဉ်-၉)**



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ



**ဂန့်ဂေါ မေ ၆**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တွင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် ယနေ့နံနက် ၇ နာရီခွဲက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်က (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်း Video ပြသမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မီးသတ်ကျင့်ဝတ်(အရာရှိအဆင့်)ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ မီးသတ်ကျင့်ဝတ်(အခြားအဆင့်) ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် မီးသတ်စက်ကြီး (အဖွဲ့လိုက်)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် ခင်းကျင်းပြသထားသည့် ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ကြည့်ရှုခဲ့ကြကြောင်းသိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**




# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## သွားနှင့် ခံတွင်းကျန်းမာရေးအတွက် လုပ်ဆောင်သင့်တဲ့အရာများ

သွားနှင့်ခံတွင်းကျန်းမာရေးသည် အထွေထွေကျန်းမာရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သွား၊ သွားဖုံးနှင့် လည်ချောင်းများကို ဂရုစိုက်ခြင်းဖြင့် သွားပိုးစားခြင်း၊ သွားဖုံးရောဂါနှင့် ခံတွင်းနံ့ဆိုးခြင်းများ အပါအဝင် ခံတွင်းရောဂါပြဿနာများစွာကို ကာကွယ်ပေးနိုင်ပါသည်။ သင်၏ ခံတွင်းကျန်းမာရေး ကောင်းမွန်စေရန်နှင့် သွား၊ သွားဖုံးနှင့် လည်ချောင်းများကို ကျန်းမာအောင် ထိန်းသိမ်းရန် အကြံပြုချက်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(၁)သွားတိုက်ခြင်း**

တစ်နေ့လျှင် နှစ်ကြိမ် သွားတိုက်ခြင်းသည် ခံတွင်းကျန်းမာရေးကို ထိန်းသိမ်းရာတွင် အရေးကြီးဆုံး အဆင့်တစ်ခုဖြစ်ပါသည်။ ဖလိုရိုက်သွားတိုက်ဆေးနှင့် အမွေးအမှင် ပျော့ပျောင်းသော သွားတိုက်တံကို အသုံးပြုပြီး သွားအတွင်း၊ အပြင် မျက်နှာပြင်အားလုံးကို အနည်းဆုံး နှစ်မိနစ်ခန့် ညင်သာစွာ ပွတ်တိုက်ပေးပါ။ သွားဖုံးရောဂါဖြစ်စေနိုင်သော အစာအမှုန်အမွှားများကို ဖယ်ရှားရန်အတွက် သွားဖုံးတစ်လျှောက်ကိုပါ သေချာပွတ်တိုက်ပေးပါ။

**(၂)သွားပွတ်ကြိုးထိုးခြင်း**

သွားပွတ်ကြိုးထိုးခြင်းသည် ခံတွင်းသန့်ရှင်းရေးအတွက် အရေးပါသဖြင့် တစ်နေ့တစ်ကြိမ်ပြုလုပ်သင့်ပါသည်။ သွားပွတ်ကြိုးတစ်ချောင်းကို အသုံးပြု၍ သွားတစ်ချောင်းစီနှင့် သွားဖုံးကြားတစ်လျှောက် ညင်သာစွာသန့်စင်ခြင်းဖြင့် သွားပိုးစားခြင်းနှင့်သွားဖုံးရောဂါဖြစ်စေနိုင်သော အစာအမှုန်များကို ဖယ်ရှားရန် ကူညီပေးပါသည်။

**(၃)ပလုတ်ကျင်းဆေးရည်အသုံးပြုခြင်း**

ပလုတ်ကျင်းဆေးရည် အသုံးပြုခြင်းသည် ခံတွင်းနံ့ဆိုးနှင့် သွားဖုံးရောဂါဖြစ်စေသော ဘက်တီးရီးယားများကို သေစေနိုင်ပါသည်။ဖလိုရိုက်ပါရှိသော ပလုတ်ကျင်းဆေးရည်သည် သင့်သွားများကို ခိုင်မာစေပြီး သွားပိုးစားခြင်းကို ကာကွယ်ပေးနိုင်သည်။ BETADINE® Gargle and Mouthwash ကဲ့သို့သော Povidone Iodine ပိုးသတ်ဆေးပါသည့် ပလုတ်ကျင်းဆေးရည်ကို အသုံးပြုခြင်းဖြင့်လည်း ဗိုင်းရပ်စ်၊ ဘက်တီးရီးယားနှင့် မှိုကဲ့သို့သော ရောဂါပိုးများစွာကို သေစေနိုင်ပြီး လည်ချောင်းနာခြင်းကို သက်သာပျောက်ကင်းစေနိုင်ပါသည်။ လည်ချောင်းနာခြင်းသည် အအေးမိခြင်း သို့မဟုတ် တုပ်ကွေး၏ စဦးလက္ခဏာဖြစ်သောကြောင့် သင့်မိသားစုထံ ကူးစက်ခြင်းမှ ကာကွယ်ရန် စောစီးစွာ ကုသဖို့အရေးကြီးပါသည်။

**(၄)ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်ခြင်း**

အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် အစေ့အဆန်ကြွယ်ဝသော အစားအစာများကို စားသုံးခြင်းသည် ခံတွင်းကျန်းမာရေးကို ကောင်းမွန်စေပါသည်။ သွားကြွေလွှာကို တိုက်စားနိုင်ပြီး သွားပေါက်များကိုဖြစ်စေနိုင်သော သကြားပါသော ဆိုဒါများ၊ အာဟာရမပြည့်သော သရေစာများကို ရှောင်ကြဉ်ပါ။

**(၅) သွားနှင့်ခံတွင်းကျန်းမာရေးကို ပုံမှန်စစ်ဆေးခြင်း**

သွားနှင့် ခံတွင်းကျန်းမာရေးကို ပုံမှန်စစ်ဆေးခြင်းနှင့် သန့်ရှင်းခြင်းများသည် ခံတွင်းကျန်းမာရေးကို ထိန်းသိမ်းရာတွင် အရေးကြီးပါသည်။ သင့်သွားဆရာဝန်ထံတွင် သွားပိုးစားခြင်း၊ သွားဖုံးရောဂါနှင့် အခြားခံတွင်းကျန်းမာရေးပြဿနာများကို စစ်ဆေးနိုင်ပြီး သွားနှင့်သွားဖုံးကို မည်ကဲ့သို့ ဂရုစိုက်ရမည်ကို အကြံဉာဏ် ရယူနိုင်ပါသည်။ အနည်းဆုံး တစ်နှစ်တစ်ကြိမ် သွားဆရာဝန်ထံ သွားရောက်စစ်ဆေးသင့်ပြီး အကြိမ်ရေသည် တစ်ဦးချင်း လိုအပ်ချက်ပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။

**တခြားအကြံပြုချက်များ**

(၁)ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို သုံးစွဲခြင်းနှင့် အရက်အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်ပါ။

(၂)ဆီးချိုရောဂါရှိလျှင် ရောဂါထိန်းချုပ်ရန် လုပ်ဆောင်ခြင်းဖြင့် သွားဖုံးရောဂါအပါအဝင် အခြားသော နောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပါသည်။

အထက်တွင်ဖော်ပြထားသော အကြံပြုချက်များကို လိုက်နာခြင်းဖြင့် သွားနှင့်သွားဖုံးများ ကျန်းမာသန်စွမ်းစေပြီး သွားနှင့်ခံတွင်းကျန်းမာရေးပြဿနာများကို ကာကွယ်ပေးနိုင်ပါသည်။ သွားနှင့် ခံတွင်းကျန်းမာရေးအတွက် စိုးရိမ်ပူပန်မှုများရှိပါက သွားဆရာဝန်နှင့် သေချာစွာဆွေးနွေးပါ။ **(Credit to internet)**

**Daisy**






## မိတ်ကပ်မလိမ်းခင်မှာ Primer လိမ်းပေးခြင်းဖြင့် ရရှိလာမည့် ကောင်းကျိုးများ

မိတ်ကပ်မလိမ်းခင်မှာ Skin Care လိမ်းပေးရတယ်ဆိုတာ အားလုံးလည်း သိရှိပြီးသား ဖြစ်မှာပါ။ Skin Care လိမ်းပြီး မိတ်ကပ်မလိမ်းခင် Primer လိမ်းပေးခြင်းအားဖြင့် မိတ်ကပ်သားကို ပိုကောင်းစေပါတယ်။ Primer ဆိုတာ မိတ်ကပ်လိမ်းခြယ်ရာမှာ အဓိကကျတဲ့ အလှကုန်ပစ္စည်းဖြစ်ပြီး မိတ်ကပ်လိမ်းထားတာကိုလည်း ကြာရှည်ခံစေတဲ့အရာ ဖြစ်ပါတယ်။ မိတ်ကပ်မလိမ်းခင်မှာ Primer ကို အရင်လိမ်းပေးခြင်းက မိတ်ကပ်အပြင်အဆင် ပိုမိုလှပစေတဲ့ ကောင်းကျိုးတွေကို ရရှိစေပါတယ်။ Primer က အသားအရေ အမျိုးအစား အားလုံးအတွက် သင့်လျော်စေကာ မျက်နှာမှာရှိတဲ့ Fine Lines တွေနဲ့ အရေးအကြောင်းတွေ၊ ချွေးပေါက်ကျယ်နေတာတွေကို ဖုံးအုပ်ပေးနိုင်၍ လိမ်းထားတဲ့မိတ်ကပ်ကို ပိုချောမွေ့ပြီး လှပစေပါတယ်။ ရေဓာတ်ဖြည့်ပေးတဲ့ Hydrating Primer တွေက အသားအရေကို ရေဓာတ်ဖြည့်ပေးပြီး မိတ်ကပ်လိမ်းခြယ်ရာမှာ ပိုပြီးချောမွေ့စေပါတယ်။ ဒါ့အပြင် Matte Finish ပါတဲ့ Primer တွေက အပြစ်အနာအဆာကင်းတဲ့ မိတ်ကပ် အသွင်အပြင်ကို ပေးနိုင်ရုံသာမကဘဲ မျက်နှာမှာရှိတဲ့ အဆီပိုတွေကိုလည်း စုပ်ယူပေးပါတယ်။

မိတ်ကပ်မလိမ်းခင်မှာ Primer လိမ်းပေးခြင်းက ပြင်ထားတဲ့မိတ်ကပ်ကို ထူပိန်းပိန်းနဲ့ အပုံလိုက် မဖြစ်စေသလို မိတ်ကပ်သား သိပ်သိပ်ညက်ညက်လေးနဲ့ လှပြီးတော့ လိမ်းထားတဲ့ မိတ်ကပ်လည်း ကြာရှည်ခံစေပါတယ်။ Primer လိမ်းထားရင် မျက်နှာက မိတ်ကပ်လိမ်းပြီး စေးကပ်တာမျိုး လုံးဝမဖြစ်စေသလို အဆီကိုလည်း ထိန်းပေးပါတယ်။ Primer လိမ်းပြီးတာနဲ့ အရေပြားထဲ စိမ့်ဝင်သွားသလို ပျောက်ပါးသွားပါတယ်။ Primer လိမ်းရတာလည်း လက်ချောင်းတွေနဲ့ အလွယ်တကူ ရောမွှေပြီး လိမ်းနိုင်သလို မိတ်ကပ်ကိုလည်း ဆွဲလိမ်းရတာ လွယ်ကူအောင် ကူညီပေးပါတယ်။ ဒါ့ကြောင့် မိတ်ကပ်မလိမ်းခင်မှာ Primer လိမ်းပေးသင့်ပါတယ်။

**Daisy**

●-●-●-●-●-●-●

## ချစ်စရာကောင်းတဲ့ ပုံစံကြိုက်တဲ့ မိန်းကလေးတွေနဲ့ လိုက်ဖက်မယ့် ဖက်ရှင်များ

ချစ်စရာကောင်းတဲ့ပုံစံ(Cute Type) ကြိုက်တဲ့ မိန်းကလေးတွေအတွက် အင်တာနက်မှာ ခေတ်စားနေတဲ့ ပေါ့ပေါ့ပါးပါးနဲ့ ထသွား၊ ထလာဝတ်ဖို့ အဆင်ပြေပြီး ချစ်ဖို့ကောင်းတဲ့ အဝတ်အစားပုံစံတွေကို မျှဝေပေးချင်ပါတယ်။ အခုဖော်ပြပေးမယ့် ဖက်ရှင်ဟာ ချစ်စရာကောင်းပြီး သပ်သပ်ရပ်ရပ်နဲ့ လှပစေကာ အသက် ၃၀ ကျော် အမျိုးသမီးတွေ ဝတ်မယ်ဆိုရင်လည်း လူငယ်ဆန်၍ ငယ်ရွယ်နုပျိုတဲ့ပုံပေါက်စေမယ့် ဖက်ရှင်ဖြစ်ပါတယ်။

**Daisy**

●-●-●-●-●-●-●





## ရှားစောင်းလက်ပပ်ကိုသုံးပြီး အမည်းစက်တွေကို သက်သာစေနိုင်မယ့် သဘာဝနည်းလမ်းသုံးမျိုး

အမည်းစက်တွေကြောင့် အသားအရေ မညီမညာဖြစ်နေလို့ စိတ်ညစ်နေတယ်ဆိုရင် ရှားစောင်းလက်ပပ်ကိုအသုံးပြုပြီး အမည်းစက်တွေကို သက်သာစေမယ့် သဘာဝနည်းလမ်း သုံးမျိုးကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) ခရမ်းချဉ်သီးနဲ့ ရှားစောင်းလက်ပပ်**

ခရမ်းချဉ်သီးမှာ Antioxidants နဲ့ Vitamin A ကြွယ်ဝစွာ ပါဝင်တာကြောင့် ဝက်ခြံနဲ့ အမည်းစက်တွေကို ဖယ်ရှားပေးနိုင်ပါတယ်။ ခရမ်းချဉ်သီးဖျော်ရည် တစ်ဇွန်း၊ ရှားစောင်းလက်ပပ်ဂျယ် သုံးဇွန်း၊ Glycerin ၁/၄ ဇွန်းတို့ကို သမအောင်မွှေပြီး ညအိပ်ဂျယ်အဖြစ် သုံးပေးပါ။ ဒါကို ရေခဲသေတ္တာထဲမှာ သိမ်းထားပြီး ၅ရက်လောက်အထိ သုံးလို့ရပါတယ်။



**(၂) ကြက်သွန်နီနဲ့ ရှားစောင်းလက်ပပ်**

ဗီတာမင်စီ ကြွယ်ဝတဲ့ ကြက်သွန်နီအသေးလေးတွေက အစက်အပြောက်တွေကို ဖယ်ရှားပေးပြီး အသားအရေကို တင်းရင်းစေပါတယ်။ ကြက်သွန်နီအရည် တစ်ဇွန်း၊ ရှားစောင်းလက်ပပ်ဂျယ် သုံးဇွန်းတို့ကို သမအောင်မွှေပြီး ညအိပ်ဂျယ်အဖြစ် သုံးပေးပါ။ ဒါကို ရေခဲသေတ္တာထဲမှာ သိမ်းထားပြီး ၅ရက်လောက်အထိ သုံးလို့ရပါတယ်။

**(၃) လီမွော်သီးနဲ့ ရှားစောင်းဂျယ်**

ဗီတာမင်စီကြွယ်ဝတဲ့ လီမွော်သီးဖျော်ရည်ဟာ အစက်အပြောက်တွေကို သိသိသာသာကြီး လျော့ကျစေပါတယ်။ လီမွော်ရည် တစ်ဇွန်း၊ ရှားစောင်းလက်ပပ်ဂျယ် သုံးဇွန်း၊ Glycerin ၁/၄ ဇွန်းတို့ကို သမအောင်မွှေပြီး ညအိပ်ဂျယ်အဖြစ်သုံးပေးပါ။ **Daisy**

## ဝန်ထမ်းများနှင့် မိသားစုဝင်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေး



**မန္တလေး မေ ၆**

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (Ora Vacs)ပထမအကြိမ်တိုက်ကျွေးခြင်းကို မေ ၅ရက်က မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဆောင်ရွက်ကြသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးရာတွင် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာဧရာထက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန့်စင်လင်းတို့ဦးဆောင်သော ဆရာဝန်များ၊ သူနာပြုများက တိုင်းအစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းများနှင့်မိသားစုဝင်လူကြီး ၁၆၈ဦး၊ ကလေး ၅ဦး၊ စုစုပေါင်း ၁၇၃ဦးတို့အား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး(Ora Vacs) ပထမအကြိမ်တိုက်ကျွေးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၉၃)

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



**ကျွန်းလှ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲကို မေ ၅ရက် နံနက် ၁၁ နာရီက လူထုအခြေပြုဇဟိုဌာန၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဦးဖိုးချိုက ကလေးအလုပ်သမားဖြစ်ရသည့်အကြောင်း၊ ကလေးအလုပ်သမားများ တွေ့ရသည့် အလုပ်အမျိုးအစားနှင့် အလုပ်နေရာများ၊ ကလေးအလုပ်သမားဆိုင်ရာဥပဒေ၊ အရေးယူအပြစ်ပေးနိုင်သည့်ပြစ်မှုပြစ်ဒဏ်များ၊ ကလေးအလုပ်သမားပပျောက်ရေးနည်းလမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြည်သူ့စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)(၄၈၀)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့။

## ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများ ရောင်းချပေး



**ကျောက်ဆည် မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ကျောက်ဆည်ခရိုင်အတွင်း နေထိုင်ကြသော ပြည်သူများ စားသုံးဆီအခက်အခဲမရှိစေရေး စားအုန်းဆီတင်သွင်းဖြန့်ဖြူးလျက်ရှိသော ကုမ္ပဏီများနှင့် ဆက်သွယ်၍ စားအုန်းဆီများ ဝယ်ယူ၍ စဉ်ဆက်မပြတ်ရောင်းချပေးလျက်ရှိရာ မေ ၅ရက် နံနက်ပိုင်းက ကျောက်ဆည်၊ စဥ့်ကိုင်မြို့နယ်များနှင့် ကူမဲ၊ ပလိပ်မြို့နယ်ခွဲများတွင် ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများ ရောင်းချပေးလျက်ရှိသည်။

အဆိုပါရောင်းချသည့် စားအုန်းဆီများကို Resources Group Trading Co.Ltd ကုမ္ပဏီမှဝယ်ယူခြင်းဖြစ်ကြောင်းနှင့် ဝယ်ယူရာတွင် တစ်ပိဿာငွေကျပ် ၆၇၇၀ဖြင့် ဝယ်ယူ၍ ကျောက်ဆည်မြို့နယ်တွင် ဂျူးဂျူး၊ မီဇာန်၊ ဝင်းရတနာ၊ နဒီဇော၊ အာကာကျော်၊ အမေထွား ဆီအရောင်းဆိုင်များမှ ထန်းဇင်တော်၊ ငါးလုံကုန်း၊ မြင်စိုင်း၊ ဆူလေကုန်း၊ ပတ္တာကျေးရွာများသို့လည်းကောင်း၊ စဥ့်ကိုင်မြို့နယ်တွင် အောင်စိုးမိုးဦးဆီအရောင်းဆိုင်မှ တရုတ်စုရပ်ကွက်သို့လည်းကောင်း၊ ကူမဲမြို့နယ်ခွဲ၌ လှ၊ ဖိုးကံကောင်း၊ ရှယ်လီဌေး၊ အောင်စိုးမိုး၊ ငွေကလပ်၊ ဒေါ်ခင်ဌေးကြည် ဆီအရောင်းဆိုင်များမှ ရွှေလေး၊ တလိုင်းကုန်း၊ ညောင်ပင်ရွာ၊ လမ်းခွ၊ ပေါ်မော၊ အေးသာယာရပ်ကွက်၊ သာကုန်း၊ အိုးထိန်းတောင်ကျေးရွာများသို့လည်းကောင်း၊ ပလိပ်မြို့နယ်ခွဲတွင် အောင်စိုးမိုးဦး၊ ဆီအရောင်းဆိုင်များမှ ချမ်းမြေ့ရပ်ကွက်စသည့်ကျေးရွာများသို့လည်းကောင်း အသီးသီးရောင်းချပေးခဲ့ပြီး ရောင်းချရာတွင် စားအုန်းဆီ တစ်ပိဿာငွေကျပ် ၇၈၉၅ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခရိုင်(ပြန်/ဆက်)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကမ်းယူလက်ဖြင့် ထူမ,မည်

* မဟာပထဝီ
တုန်လှုပ်မြည်တမ်း
ဆွဲခါရမ်းသည်
ပရမ်းပတာ
ပြိုပျက်ခါဖြင့်
ဥက္ကဲ့သိုက်ပျက်
ရိုက်ချက်ပြင်းထန် ငလျင်ရန်။

* အဲဒီမြင်ကွင်း
ဒီရင်တွင်းက
ဖွတ်တင်းထုတ်ပစ်လိုက်ချင်သည်။

* ရင်ကွဲငလျင်
အိပ်မက်သွင်
နိုးလျှင်မေ့ပစ်လိုက်ချင်သည်။

* အေးချမ်းအမြဲ
ငိုသံစဲ
ရင်ထဲကြည်လင်ရှိချင်ပြီ။

* ဒုက္ခရောက်သူ
ဖေးမကူ
အတူမျှဝေပေးချင်သည်။

* လှုံ့လမာန်ခဲ
အားသန်ငွဲဖြင့်
ထူ မ, မြဲလျှင်နေကြမည်။

* ဒဏ်ရာရစိတ်
သူ့ချွေးသိပ်အောင်
နှစ်သိမ့်ကူညီပေးဝေမည်။

* စိတ်ဓာတ်ပြိုလဲ
ဥက္ကဲ့သိုက်ပျက်
ခက်လျက်နေသူ
တို့ပြည်သူအား
ကမ်းယူလက်ဖြင့် ထူမ,မည်။
စမ်းတူအေးမြ ကူကြမည်။ ။

နှိုင်းဗလ

# မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်း



**မန္တလေး မေ ၆**

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။ မေ ၅ရက် နံနက်ပိုင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၁၀သိန်း၊ ရန်ကုန်မြို့နေ ဦးတင်မောင်အေး + ဒေါ်မြင့်မြင့်မွန် မိသားစုက ဒေါ်မြင့်မြင့်မွန် မွေးနေ့အထိမ်းအမှတ် ငွေကျပ်သိန်း ၁၀၀၊ ပဲခူးမြို့ ကဝမဟာစည်ဆရာတော်၊ စိတ္တသုခပရဟိတဆရာတော်နှင့် ထိုင်းနိုင်ငံရောက် လှူငယ်များက ငွေကျပ် သိန်း ၅၀၊ ပန်းတနော်မြို့နယ်နေ ဦးနိုင်ဝင်း+ဒေါ်အေးသီတာထက် မိသားစုက ငွေကျပ် သိန်း၂၀၊ ရန်ကုန်မြို့မှ ဒေါ်အေးအေးမိသားစုက ငွေကျပ် ၁၀သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင် စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730 20610044910 နှင့် UAB ဘဏ်ငွေစာရင်းအမှတ် 017130 100012259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 7012 1000 00750 နှင့် ဖုန်း-၀၉-၄၄၄၀ ၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၅)**



# ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူလျက်ရှိရာ မေလအတွင်း ရွှေသင်္ကန်းကပ်လှူခြင်း ပြီးစီးတော့မည်

**ညောင်ဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့သည့် ရွှေစည်းခုံစေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းအား အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ရာ မေ ၆ ရက် နံနက် ၈နာရီက စတုတ္ထပိုင်းလုပ်ငန်းဖြစ်သည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း စတင်လုပ်ကိုင်လျက်ရှိသည်။

ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း စတုတ္ထပိုင်းဖြစ်သည့် အလယ်ပစ္စယံ၊ အောက်ပစ္စယံ၊ နတ်မုခ် လေးခု၊ နတ်လှေကား လေးစင်း၊ ခြသေ့်ကြီး လေးစီး၊ ကြာသွပ်အိုး ရှစ်အိုးတို့အား ရွှေသင်္ကန်းကပ်လှူရေး ဦးစီးကော်မတီဝင်များ တက်ရောက်ရွှေသင်္ကန်းကပ်လှူပူဇော်ကြသည်။ အဆိုပါ ရွှေသင်္ကန်းကပ်လှူပူဇော်ရာသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြကြောင်းသိရပြီး ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း မကြာမီ ပြီးမြောက်တော့မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၈၁)**

# ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းသို့ နေ့လယ်စာနှင့် ဆေးပဒေသာပင်လှူဒါန်း



**ပုသိမ်ကြီး မေ ၆**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ လူနာများအတွက် နေ့လယ်စာ အာဟာရဒါနအလှူနှင့် ဆေးပဒေသာပင် လှူဒါန်းခြင်းကို မေ ၅ရက် နံနက်ပိုင်းက အဆိုပါကင်ဆာဖောင်ဒေးရှင်း၌ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုနှင့် မန္တလေး ခုနစ်မြို့နယ် မီးသတ်ဦးစီးအရာရှိများနှင့် အရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ဆေးပဒေသာပင်အတွက် အလှူငွေများ လှူဒါန်းရာ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း (မန္တလေး)စီမံဒါရိုက်တာ ဒေါ်ခင်အေးမြင့်၊ ဒုတိယဥက္ကဋ္ဌ Dr. ဦးကိုကိုလေး၊ တာဝန်ခံဆရာဝန်ကြီး၊ Dr.အောင်ဇင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ မြို့မအရန်မီးသတ်တပ်ဖွဲ့မှ မန္တလေးမြေငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်ကြပ်ကောင်းစံအား တာဝန်ရှိသူများက ထောက်ပံ့ငွေကျပ် ခုနစ်သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# မွေးနေ့အထိမ်းအမှတ် သွေးလှူဒါန်း

**မန္တလေး မေ ၆**

မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် ဦးနန္ဒ(နန္ဒလောကမင်း)၊ စိန်ညီအစ်ကိုသွေးလှူရှင်သည် မေ ၈ရက်တွင်ရောက်ရှိသည့် ကျေးဇူးရှင် မိခင်ကြီး၏ (၇၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိပြီး သွေးသွင်းကုသရန်လိုအပ်သော လူနာများအတွက် မေ ၅ရက် နံနက် ၁၀နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးဘဏ်တွင် (၆၈) ကြိမ်မြောက် ဇီဝိတဒါနအဖြစ် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၁)**







# ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၆**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ မင်းကွန်းတိပိဋကရေဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင်မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၂၉လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနေ မောင်ဉာဏ်လင်းအောင် မွေးနေ့အထိမ်းအမှတ် အလှူအဖြစ် ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိဆေးရုံ အလှူခံဌာနတွင် လာရောက်လှူဒါန်းရာ အလှူခံဌာနမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**

# ဘုန်းတော်ကြီးကျောင်းများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ဧပြီနောက်ဆုံးအပတ်မှစတင်ပြီး နေ့အပူချိန်များ မြင့်တက်လာသဖြင့် ရေအရင်းမြစ်များ ခန်းခြောက်လာခြင်း၊ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် မြေအောက်ရေအဝီစိတွင်း ရေကြောများပိတ်ခြင်း ဖြစ်ပေါ်ခဲ့သဖြင့် ပုသိမ်ကြီးမြို့နယ်၊ တောင်ပေါ်ဘုန်းတော်ကြီးကျောင်းများတွင် သောက်သုံးရေများ အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ဦးဆောင်ချက်နှင့်အညီ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေခက်ခဲသော ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ နှမ်းကြဲကျေးရွာအုပ်စုရှိ သောက်သုံးရေခက်ခဲသော မဟာစည်သာသနာ့ရိပ်သာ ဘုန်းတော်ကြီးကျောင်းသို့ ပုသိမ်ကြီးမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မိုင်ကုန်းအရန်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ရေဂါလန် ၂၄၀၀ သွားရောက်လှူဒါန်းပေးခဲ့သည်။ ရေအခက်အခဲဖြစ်သော ဘုန်းတော်ကြီးကျောင်းများအနေဖြင့် ပုသိမ်ကြီးမီးသတ်စခန်းသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **(ဝဲပုံ)**

**မောင်ပြည်သူ(မန္တလေး)**

# သုခမ္မာဇရပ်ရိပ်က အတိတ်မြင်အလွမ်း(၄)

**မောင်လောက**

အဘိုးတို့၏ သုခမ္မာဇရပ်ရိပ်က အတိတ်မြင်အလွမ်းသည် ရှည်တော့ ရှည်၏။ သို့သော် လွမ်းရာမရောက် ဇာတိမာန်တွေသာ ရောက်နေ၏။ အမျိုးဂုဏ်တွေသာ ရောက်နေ၏။ အတိတ်ဟုဆိုသော်လည်း အနာဂတ်သို့သာ မြင်နေ၏။ ပစ္စုပ္ပန်ကို အခြေခံ၍ အောင်လံတွေ စိုက်ထူနေ၏။ အဘိုးတို့ဟုဆိုသော်လည်း ဦးပေါင်းကျားနှင့် မြင်းကျားရှင်တို့ ဖြစ်နေကြ၏။

‘လွန်ခဲ့တဲ့ သီတင်းပတ်က အောင်တော်မူမှာ စကားရပ်ခဲ့တယ်နော် ကိုကြီးကြောင်’

‘ဒီနေ့တော့ နန်းတော်ကနေပြီး မြောက်ဘက် ချောင်းမကြီး (ခေါ်)မတ္တရာမြစ်အရောက် ခရီးပေါက်ကြတော့မယ်ပေါ့ ကိုကြီးချမ်းအေးရာ’

‘ဒီ ထီးပေါင်းကားအရပ်ရဲ့ မြောက်ဘက်ပိုင်းမှာကလည်း ထူးခြားတာတွေ များပြားလှပါတယ်ဗျာ’

‘ပြောစမ်းပါလေ ကိုကြီးချမ်းအေးရဲ့. မြောက်ဘက်ပိုင်းရဲ့ အထူးခြားဆုံးက ဘာတုန်းဗျ’

‘မြောက်ဘက်ပိုင်းမှာ မြန်မာကျော်၊ ကမ္ဘာကျော်တဲ့ ဘုရားတစ်ဆူရှိတယ်လေ။ အဲဒီဘုရားကို အေဒီ (၁၀၅၇)ခုနှစ်က အနော်ရထာမင်းကြီး တည်ခဲ့တာလို့ ပြောခဲ့တာပဲ။ ဘုရားဘွဲ့က ‘ဆုတောင်းပြည့်’လို့ ဆိုထားတယ်။ ဒီနေ့အခေါ် မတ္တရာနယ်၊ တောင်ပြုန်းရွာမှာ ရှိတယ်’

‘ကိုကြီးချမ်းအေး ပြောလို့ တောင်ပြုန်းရွာလို့ ကြားလိုက်တာနဲ့ ရွှေဖျဉ်းညီနောင် နတ်နှစ်ပါးကို ပြေးမြင်မိတယ်ဗျာ။ ဖျဉ်းကြီးနဲ့ ဖျဉ်းလေးတို့ဟာ အနော်ရထာမင်းကြီးရဲ့အမိန့်ကို မနာခံကြလို့ သင်းကွပ် အသတ်ခံကြရပြီး နတ်နှစ်ပါးဖြစ်နေတယ်လို့ ပြောကြတာပဲ’

‘အနော်ရထာမင်းကြီးက ဘယ်လို အမိန့်ရှိလို့ ဘာကို မနာခံလို့ ဖျဉ်းကြီးနဲ့ ဖျဉ်းလေးတို့ သင်းကွပ်ပြီး အသတ်ခံရတာလဲ ကိုကြီးတုတ်ပေါ်ရဲ့’

‘အင်း ဒါတွေကလဲ စဉ်းစားမယ်ဆိုရင် စဉ်းစားစရာတွေပဲဗျာ။ အနော်ရထာမင်းကြီးက ဒီနေရာမှာ ဘုရားတည်မယ်။ ပြည်သူ့ဘုရားဖြစ်စေချင်လို့ ရေတစ်မှုတ်၊ သဲတစ်ဆုပ်၊ အုတ်တစ်ချပ် လှူရမယ်လို့ အမိန့်ပြန်တမ်းထုတ်လိုက်တယ်။ အဲဒီအမိန့်ကို မနာခံဘဲ ဖျဉ်းကြီးနဲ့ ဖျဉ်းလေးတို့ဟာ အုတ်တစ်ချပ်စီ လာမထည့်လို့ သင်းကွပ်သတ်သတဲ့ဗျာ။ ဒီနေရာမှာ နက်နက်နဲနဲ စဉ်းစားစရာရှိတယ်လေ’

‘ဘယ်လို စဉ်းစားမလဲ ကိုကြီးစိန်ခိုရဲ့’

‘ကျုပ်တို့ ဆရာဘုန်းကြီး ဦးဒါယိတ်က ပြောခဲ့ဖူးတယ်။ အနော်ရထာမင်းကြီး အမိန့်ရှိခဲ့တာက ရေတစ်မှုတ်ဖြစ်ဖြစ်၊ သဲတစ်ဆုပ်ဖြစ်ဖြစ်၊ အုတ်တစ်ချပ်ဖြစ်ဖြစ် လှူရမယ်လို့ အမိန့်ရှိခဲ့တာပါ။ ဒါကို ဖျဉ်းကြီးနဲ့ ဖျဉ်းလေးကျမှ အုတ်တစ်ချပ်စီမလှူလို့ သင်းကွပ်သတ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ တည်ထားတဲ့ ဘုရားကိုသွားကြည့်ကြစမ်း။ အုတ်နှစ်ချပ်လပ်နေတဲ့နေရာကိုလည်း ကြည့်လိုက်ကြစမ်း။ ဘယ်နေရာမှာလဲ။ အရှေ့ဘက်မုခ်ကဝင် လိုဏ်ဂူအတွင်းဆုံးမှ နောက်ပြန်ပြီး မော့ကြည့်တဲ့ အဲနေရာမှာ အုတ်နှစ်ချပ်လပ်နေတာတဲ့။ မြေပြင်ကနေပြီး အပေါ်ကို တည်သွားတဲ့ဘုရားအပေါ်အဆုံးရောက်မှ ဖျဉ်းကြီးနဲ့ ဖျဉ်းလေးတို့ အုတ်နှစ်ချပ်လာမလှူလို့ လပ်နေတာဆိုပြီး ကြာမောက်၊ ကြာလံတို့ ငှက်ပျောဖူးတို့နားမှာ လပ်နေတယ်ဆိုရင်တောင်မှ ယုတ္တိတန်သေးတယ်။ အခု ထိုင်တော်မူနေတဲ့ ဆင်းတုတော်ရှေ့တည့်တည့် အုတ်နှစ်ချပ်လပ်နေတယ်ဆိုတာကတော့ ဘယ်လိုမှ ယုတ္တိမတန်ဘူး။ သူတို့နှစ်ယောက်အတွက်ကျမှ အုတ်နှစ်ချပ်လိုနေတယ်ဆိုတာဟာလည်း ဘာယုတ္တိမှ မရှိဘူး။ ရေတစ်မှုတ်ထည့်လိုက်ရင်ရော မရဘူးလား။ သဲတစ်ဆုပ်ထည့်လိုက်ရင်ရော မရဘူးလား။ လှူစွမ်းကောင်းနှစ်ဦးကို ရိုးရိုးသတ်လို့မရတာနဲ့ သင်းကွပ်သတ်သတဲ့ဗျာ။ ဒါပေမယ့် ယုတ္တိမတန်ဘူး။ သင်းကွပ်တာနဲ့တော့ မသေဘူးဗျ။ ဒါဆိုရင် သင်းကွပ်ခံရတဲ့ နွားထီးတွေ သေကုန်ရောပေါ့ဗျာတဲ့’

‘ထီးပေါင်းကားအနောက်ပိုင်း သင်္ဘောချောင်းရဲ့ အရှေ့ဘက်ကမ်းထိပ်မှာလည်း ဘုရားတစ်ဆူရှိသေးတယ် မဟုတ်လား ကိုကြီးထွန်းရရဲ့’

‘ရှိတယ်လေဗျာ ချမ်းသာကြီးဘုရားတဲ့။ သီရိဓမ္မာသောကမင်းကြီး တည်ခဲ့တဲ့ ဘုရားပဲပေါ့’

‘ချမ်းသာကြီးဘုရားရဲ့ အနောက်မြောက်ယွန်းယွန်းမှာလည်း ဘုရားတစ်ဆူ ရှိသေးတယ်နော် ကိုကြီးစိန်ချုပ်’

‘ရှိပါ့ဗျာ ဒီခေတ်အခေါ် မင်းတဲအီကင်းအရပ် ၁၉လမ်း၊ လမ်း၉၀ နှင့်၉၁လမ်းကြားမှာရှိတဲ့ ‘ရတနာမဥ္ဇူ’ဘုရားကို ပြောတာပါ။ သက္ကရာဇ် ၈၃၈ ခုနှစ်တုန်းက ရတနာပူရအင်းဝမြို့မှာ နန်းတက်တဲ့ ပြည်စုန်မင်း မဟာသီဟသူရနဲ့ အမိတ္တသီရိမဟာဓမ္မဒေဝီတို့ တည်ထားခဲ့တဲ့ဘုရားပါ’

‘နန်းတော်ကြီးရဲ့ အနောက်ဘက်နားမှာ ‘ကျီးမျှင်’ဆိုတဲ့ ဘုရားရှိသေးတယ်မဟုတ်လား။ ကိုကြီးကြာခိုင်ရဲ့။ မှန်ပါတယ် ဒီခေတ်အခေါ်အဝေါ် ၂၄လမ်းနဲ့၈၂လမ်းထောင့်မှာရှိတဲ့ ဘုရားကိုပြောတာပါ။ ဒီအရပ်ကို ကျီးမျှင်အရပ်လို့ ခေါ်တယ်။ ကျီးမျှင်အရပ်မှာ တည်ထားတဲ့ ဘုရားမို့လို့ ‘ကျီးမျှင်’ဘုရားလို့ အများကခေါ်ကြတာပေါ့။ ကျီးမျှင်ဘုရားကနေ ရွှေကျီးမြင်ဘုရား၊ ရွှေကျီးမြင်ဘုရားကနေ ရွှေကျီးမြင့်ဘုရားလို့ အဆင့်ဆင့်ခေါ်လာကြတယ်လေ။ ဒီဘုရားကို အလောင်းစည်သူမင်းကြီး၏သားတော် မင်းရှင်စော တည်ထားခဲ့တာပါ’

‘မင်းရှင်စော တည်ထားခဲ့တဲ့ တခြားဘုရားတွေလည်း ရှိသေးတယ်မဟုတ်လား ကိုကြီးစိန်တင်ရဲ့’

‘ရှိပါ့ဗျာ။ ကနေ့ ၈၁လမ်း၊ လမ်း၂၀နှင့်၂၁လမ်းကြားမှာရှိတဲ့ ဘုရားနီဘုရားနဲ့ ဖောင်းတော်ကျဘုရားတို့ဟာလည်း မင်းရှင်စော တည်ခဲ့တဲ့ဘုရားတွေပဲပေါ့။ တချို့ကလည်း အဲဒီဘုရားနှစ်ဆူကို ကျန်စစ်သားမင်းကြီး တည်ခဲ့တာလို့လည်း ပြောကြသေးတယ်’

‘၇၈လမ်းနဲ့၉လမ်းထောင့်မှာရှိတဲ့ အရိပ်မထွက်ဘုရားကတော့ ကျန်စစ်သားမင်းကြီး တည်ထားခဲ့တဲ့ဘုရား ဖြစ်တယ်လို့ ဆိုနေကြတာပဲ မဟုတ်လား ကိုကြီးသာကျော်ရဲ့’

‘မင်းတုန်းမင်းတြားကြီးတည်ခဲ့တဲ့ ဘုရားတွေအကြောင်းလည်း ပြောကြရင် ကောင်းမယ်ထင်တယ် ကိုကြီးပိန်ရဲ့’

‘ကောင်းပါ့ဗျာ မန္တလေးတောင်တော်ကြီးရဲ့ တောင်ဘက်နဲ့ အရှေ့တောင်ထောင့်မှာရှိတဲ့ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားနဲ့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတို့ဟာ မင်းတုန်းမင်းတရားကြီးတည်ထားခဲ့တဲ့ ဘုရားတွေပဲပေါ့။ ကမ္ဘာကျော် ဘုရားတွေဖြစ်လို့ ဒီဘုရားတွေရဲ့ အကြောင်းကို ပြောစရာလိုတော့မယ် မထင်ဘူး’

‘ဒါဆိုလည်း မင်းတုန်းမင်းတြားကြီး တည်ခဲ့တဲ့ နန်းဦးဘုရားအကြောင်း ပြောစမ်းပါ ကိုကြီးချမ်းအေးရာ’

‘နန်းဦးဘုရားကတော့ ထူးခြားတဲ့ ဘုရားတစ်ဆူလို့ ပြောရမှာပဲ။ မြနန်းစံကျော် ရွှေနန်းတော်ကြီး မတည်ခင်မှာပဲ ရှေးဦးစွာ တည်ထားခဲ့တဲ့ ဘုရားဖြစ်တယ်။ မင်းတုန်းမင်းတြားကြီးက ရန်အပေါင်းအောင်မြင်အောင် သစ္စာပြုကိုးကွယ်ခဲ့တဲ့ ‘ရန်အောင်မြင်သစ္စာပြု’ ဆုတောင်းပြည့်ဘုရားလို့လည်း ခေါ်ကြတယ်လေ’

‘ကိုင်း ကိုကြီးပိန်ရေ မန္တလေးတောင်ပေါ်က ဘုရားအကြောင်း ပြောကြရင် ကောင်းမယ်ထင်တယ်’

‘မန္တလေးတောင်ထိပ်က ဘုရားရဲ့ဘွဲ့က ‘ဆုတောင်းပြည့်မြတ်စွာဘုရားလို့ခေါ်တယ်။ အေဒီ (၁၀၅၇)ခုနှစ်တုန်းက အနော်ရထာမင်းကြီးဟာ တရုတ်ပြည်က စွယ်တော်ပင့်ပြီး ပြန်အလာမှာ ဒီဘုရားကို တည်ခဲ့တာပါ။ ‘အသက်ကလေးရယ်တဲ့ ရှည်စေလို မန်းတောင်ရိပ်ခို’ ဆိုတဲ့စကားဟာ ဒီမန်းတောင်ရဲ့ ထိပ်ဦးထိပ်ဖျားမှာရှိတဲ့ ဒီဆုတောင်းပြည့်မြတ်စွာဘုရားရဲ့အရိပ်ကို ခိုကြလို့ ပြောတာပါ။ ဘုရားအရိပ်ကို ခိုဆိုတာ ဘုရားနားမှာ အမြဲခိုကပ်နေဖို့ ပြောတာမဟုတ်ဘူး။ ဘုရားပြောခဲ့တဲ့စကားတွေအတိုင်း လုပ်ကိုင်နေထိုင်စားသောက်ကြပါလို့ ပြောတာပါ။ ဒါကြောင့်လည်း ဘုရားဖက်တော့ အသက်ရှည်ဆိုတာ ပေါ်ခဲ့တာပဲ မဟုတ်လား။ တောင်ဦးတောင်ထိပ်ကနေပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် လှည့်ကြည့်လိုက်မယ်ဆိုရင် လောကရဲ့ အပူမီးမှန်သမျှ တဒင်္ဂငြိမ်သွားမယ်ဆိုတာကိုတော့ ယုံကြည်ကြစေချင်တယ်။ ကဲ အချိန်လည်း ကုန်သွားပြီ အတိတ်မြင် အလွမ်းတွေရပ်ကြစို့’

အားလုံးသော အဘိုးတို့သည် ငြိမ်သက်သွားကြ၏။ မတိုင်ပင်၊ မန္တိုးဆော်ဘဲနှင့် မန္တလေးတောင်ကြီးဆီသို့ မျက်နှာမူ၍ ကြည့်ရှုနေကြ၏။ အတိတ်ကို လွမ်းသလား၊ ပစ္စုပ္ပန်ကို ဆန်းသလား၊ အနာဂတ်ကို မှန်းသလား မည်သို့သော ပုဂ္ဂိုလ်မျှ သိနိုင်မည်မဟုတ်။ ကိုယ်စီ ကိုယ်စီသော အဘိုးတို့သာ သိကြမည်ဖြစ်ကြ၏။

“ရှိပါ့ဗျာ ဒီခေတ်အခေါ် မင်းတဲအီကင်းအရပ် ၁၉လမ်း၊ လမ်း၉၀နှင့်၉၁လမ်းကြားမှာရှိတဲ့ “ရတနာမဥ္ဇူ”ဘုရားကို ပြောတာပါ။ သက္ကရာဇ် ၈၃၈ ခုနှစ်တုန်းက ရတနာပူရအင်းဝမြို့မှာ နန်းတက်တဲ့ ပြည်စုန်မင်း မဟာသီဟသူရနဲ့ အမိတ္တသီရိမဟာဓမ္မဒေဝီတို့ တည်ထားခဲ့တဲ့ဘုရားပါ .......”

“ “မန္တလေးတောင်ထိပ်က ဘုရားရဲ့ဘွဲ့က “ဆုတောင်းပြည့်မြတ်စွာ ဘုရားလို့ခေါ်တယ်။ အေဒီ (၁၀၅၇)ခုနှစ်တုန်းက အနော်ရထာမင်းကြီးဟာ တရုတ်ပြည်က စွယ်တော်ပင့်ပြီး ပြန်အလာမှာ ဒီဘုရားကို တည်ခဲ့တာပါ။ “အသက်ကလေးရယ်တဲ့ ရှည်စေလို မန်းတောင်ရိပ်ခို” ဆိုတဲ့စကားဟာ ဒီမန်းတောင်ရဲ့ ထိပ်ဦးထိပ်ဖျားမှာရှိတဲ့ ဒီဆုတောင်းပြည့်မြတ်စွာဘုရားရဲ့အရိပ်ကို ခိုကြလို့ ပြောတာပါ။ ဘုရားအရိပ်ကို ခိုဆိုတာ ဘုရားနားမှာ အမြဲခိုကပ်နေဖို့ ပြောတာမဟုတ်ဘူး။ ဘုရားပြောခဲ့တဲ့စကားတွေအတိုင်း လုပ်ကိုင်နေထိုင် စားသောက်ကြပါလို့ ပြောတာပါ ...... ”

# မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၅)သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ



**မကွေး မေ ၆**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ကျင်းပသော ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၂/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ရုံး ဗိုလ်မင်းရောင်ခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ် သိန်းထွန်းဦး၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သန်းနိုင်ညွန့်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဥပဒေချုပ်၊ ဥပဒေအရာရှိများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ "နိုင်ငံသားတိုင်း ဥပဒေအသိပညာရှိသင့်သည်" ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီး၌ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျတာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ဖွင့်လှစ်သင်ကြားခဲ့သည့် ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းကို တက်ရောက်ကြသော ဌာနဆိုင်ရာအသီးသီးမှ အရာထမ်း၊ အမှုထမ်းများအနေနှင့် သိသင့်သိထိုက်သည့် ဥပဒေပညာရပ်များကို ကြိုးကြိုးစားစား သင်ယူလေ့လာစေလိုကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့်အပြင် နိုင်ငံသားတိုင်းအနေဖြင့်လည်း သိရှိလိုက်နာစောင့်ထိန်းရမည့်သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြသည့်ဝန်ထမ်းများအနေဖြင့် ဥပဒေအသိပညာရပ်များကို ပိုမိုသိရှိနားလည်တတ်ကျွမ်းစေလိုသည့်ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ခဲ့ကြောင်း၊ မိမိတို့ ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့် ငြိစွန်းနိုင်သည့်ကိစ္စရပ်များကို ရှောင်ရှား၍ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပညာသည် နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်သည့် အရာတစ်ခုဖြစ်သည့်အပြင် မိမိတို့ နိုင်ငံအတွင်းနေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများ မဖြစ်မနေ သိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်လည်းဖြစ်ကြောင်း၊ ဥပဒေရေးရာ စည်းမျဉ်း၊ စည်းကမ်းများကို အချိန်တိုအတွင်း သိရှိနားလည်ပြီး ဗဟုသုတရရှိစေရန်အတွက် ဆင့်ပွားသင်ကြားပို့ချပေးသွားခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူ၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် သင်တန်းကာလတွင် သင်ကြားပို့ချသည့် ဥပဒေပညာကို ဆည်းပူးလေ့လာသွားရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က သင်တန်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က လက်ခံရယူသည်။

အဆိုပါသင်တန်းကိုတက္ကသိုလ်များ၊ ဒီဂရီကောလိပ်၊ နည်းပညာသိပ္ပံနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်း ၁၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလ နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Air Quality Monitoring Station (AQM-09), Scentroid (SL-50), Air Quality Monitoring Station(AQMesh) နှင့် Real Time Air Quality Monitoring Station(Ecomesure) စက်များအသုံးပြု၍ Particulate Matter 2.5 (PM2.5), Particulate Matter 10(PM10), Sulphur Dioxide(SO2), Nitrogen Dioxide (NO2), Ozone (O3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | မန္တလေးတိုင်းဒေသကြီး အတွင်းရှိ တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုဒ် | နိုက်ထရို ဂျင် ဒိုင် အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | အမရပူရမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆင့် | လက်ခံနိုင်သော | ကောင်းမွန်သော | | | |
| ၂ | အောင်မြေသာဇံ မြို့နယ် | ခံနိုင်ရည်နည်းပါးသော သူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သော | လက်ခံနိုင်သော | ကောင်းမွန်သော | | | |
| ၃ | ပုသိမ်ကြီး မြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆင့် | လက်ခံနိုင်သော | ကောင်းမွန်သော | | | |
| ၄ | ပြင်ဦးလွင်မြို့နယ် | ခံနိုင်ရည်နည်းပါးသော သူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သော | လက်ခံနိုင်သော | ကောင်းမွန်သော | | | |

| စဉ် | မန္တလေးတိုင်းဒေသကြီး အတွင်းရှိ တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုဒ် | နိုက်ထရို ဂျင် ဒိုင် အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၅ | ကျောက်ဆည်မြို့နယ် | လက်ခံနိုင်သော | ကောင်းမွန်သော | | | | |
| ၆ | ညောင်ဦးမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန်သော | | ခံနိုင်ရည် နည်းပါး သော သူများ အတွက်သာ ကျန်းမာရေး ကို ထိခိုက်စေ နိုင်သော | ကောင်းမွန်သော | |
| ၇ | မိတ္ထီလာမြို့နယ် | ကောင်းမွန်သော | | | | | |

# အမရပူရမြို့၊ မှန်တန်းရပ်ကွက်ရှိ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**အမရပူရ မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မှန်တန်းရပ်ကွက်ရှိ ရပ်ကွက်ခွဲ(၁၄)ခုရှိ မန္တလေးငလျင်ဘေးသင့်ကြသူများ ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် IFRC အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအသင်းတို့မှ ထောက်ပံ့ပစ္စည်းများကို ယမန်နေ့ နံနက်ပိုင်းမှစ၍ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့မှုတွင် မန္တလေးငလျင်ဘေးသင့် အိမ်ထောင်စုပေါင်း ၈၄၇ ရှိပြီး တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀၊ ဆန်ခြောက်ပြည်၊ မိုးကာနှစ်ချပ်၊ မိန်းကလေးတစ်ကိုယ်ရေသုံး တစ်အိတ်၊ ယောကျ်ားလေးတစ်ကိုယ်ရေသုံးတစ်အိတ်၊ ဆေးစိမ် ခြင်ထောင်တစ်လုံး၊ မီးဖိုချောင်သုံးပစ္စည်းများပါ ဂျပ်ဖာတစ်လုံး၊ စုစုပေါင်း ငွေနှင့်ပစ္စည်း ခြောက်မျိုးကို IFRC ကိုယ်စားလှယ်များ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း DN ဌာန ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့၊ စေတနာလုပ်အားရှင်များဖြစ်သော အမရပူရမြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မွန်ပြည်နယ်၊ ရှမ်း(ရှေ့)၊ ကရင်ပြည်နယ် ကြက်ခြေနီအဖွဲ့များမှ မှန်တန်းရပ်ရှိ မိုးကောင်းဘုရားဓမ္မာရုံနှင့် နန်းတော်ရာ စံပြကွက်သစ်ဓမ္မာရုံတို့တွင် နှစ်နေရာခွဲပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index-AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သော အဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသော သူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သော အဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသော အဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**မန္တလေးတိုင်းဒေသကြီး**

## မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လျှော်ဘေးသင့် အိမ်ထောင်စုများအား စားသောက်ကုန်များပေးဝေ၊ သက်ကြီးဘိုးဘွားများအား ထောက်ပံ့

**မန္တလေး မေ ၆**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင် တင်လေး၊ အချိန်ပြည့်အလုပ်အမှု ဆောင် ပါမောက္ခဒေါက်တာ ဒေါ်ရီ ရီတင်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်း များ ဖက်ဒရေးရှင်းမှ တာဝန်ရှိသူ များ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်း ဆောင်၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဘေးအန္တရာယ်စီမံခန့်ခွဲ ရေးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုး သီတာဝင်းနှင့်အဖွဲ့၊ အောင်မြေသာ စံမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကော်မတီဝင်များသည် မေ ၁ ရက် က အောင်မြေသာစံမြို့နယ်၊ သီရိ မာလာအရှေ့ရပ်ကွက်မှ လျှော် ဘေးသင့်အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ဆန်ခြောက် ပြည်၊ တာပေါ်လင်နှစ်ချပ်၊ အမျိုး သား၊ အမျိုးသမီးတစ်ကိုယ်ရေသုံး ပစ္စည်းများ၊ ဆေးစိမ်ခြင်ထောင် တစ်လုံး၊ မီးဖိုချောင်သုံးပစ္စည်းများ နှင့် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၂၉ စုကို ထောက်ပံ့ပေးအပ်သည်။

အလားတူ မန္တလေးတိုင်း ဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီနှင့်ကြက်ခြေနီစေတနာ လုပ်အားရှင်များက ဧပြီ ၁ ရက် တွင် ငလျင်ဒဏ်ကြောင့် အိမ်အပြင် ထွက်အိပ်နေရသော မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ် ကွက်မှ အသက် ၇၅ နှစ် အထက် သက်ကြီးဘိုးဘွား ၁၂ ဦးအား သွားရောက်တွေ့ဆုံအားပေးပြီး တာပေါ်လင်၊ ခြင်ထောင်၊ တစ် ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း များ ထောက်ပံ့ပေးအပ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း အနေဖြင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းသော ကူညီကယ်ဆယ် ရေးပစ္စည်းများကို ငလျင်ဘေးဒဏ် ခံစားနေရသော ရပ်ကွက်များသို့ လက်ရောက်ပေးအပ်လျက်ရှိ ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)





## ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**မြစ်သား မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ် တွင် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သန္ဓေတပ်ဖွဲ့ဝင်များက နေ့စဉ် စဉ်ဆက်မပြတ် ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို မေ ၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြ သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ သန္ဓေတပ်ဖွဲ့ဝင်များ နှင့် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်နှင့် အဖွဲ့ဝင်များက ဘုရားစောင်းတန်းများ ပြိုကျ ပျက်စီးခဲ့သည့်အတွက် ရှင်းလင်း ရေးလုပ်ငန်းများ ဆောင်ရွက်ပေး ခြင်း၊ ဘုရားရင်ပြင်တော်အပေါ်ရှိ ပြိုကျသွားသည့် ရှေးဟောင်း မှန်စီ ထားသော အုတ်ကျိုးများကို ရှင်း လင်းခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်း များကို နေ့စဉ် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

*-*-*-*-*

## စစ်ကိုင်းမြို့မှ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားမည့် ရန်ကုန်တက္ကသိုလ်မှ ဆရာ၊ ဆရာမ ၅၃ ဦး ရောက်ရှိ

**စစ်ကိုင်း မေ ၆**

စစ်ကိုင်းမြို့မှ တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို အောင်ချက်မြင့်မားရေး သင်ကြား ပို့ချပေးမည့် ရန်ကုန်တက္ကသိုလ်မှ ဆရာ၊ ဆရာမ ၅၃ ဦးသည် မေ ၁ ရက် ညနေပိုင်းတွင် စစ်ကိုင်း မြို့သို့ ရောက်ရှိလာကြသည်။

ငလျင်ကြောင့် အဖြေလွှာများ ပျက်စီးခဲ့ရသည့် စစ်ကိုင်းတိုင်း ဒေသကြီး၊ စစ်ကိုင်းမြို့မှ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားကြ မည့် ရန်ကုန်တက္ကသိုလ်မှ ဆရာ၊ ဆရာမ ၅၃ ဦးအား စစ်ကိုင်းတိုင်း ဒေသကြီး ပညာရေးမှူး ဦးသက် လေးဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန် ရှိသူများ၊ ကျောင်းသား၊ ကျောင်း သူများက ကြိုဆိုခဲ့ကြသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ် တွင် လေ့ကျင့်သင်ကြားရေးစခန်း ဖွင့်လှစ်၍ စစ်ကိုင်းမြို့မှ တက္ကသိုလ် ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြ မည့် ကျောင်းသား၊ ကျောင်းသူ များကို ရန်ကုန်တက္ကသိုလ်မှ ၅၃ ဦး၊ ဒဂုံတက္ကသိုလ်မှ တစ်ဦး၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ၁၃ ဦး၊ စစ်ကိုင်းတက္ကသိုလ်မှ ၁၆ ဦး၊ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်မှ ခုနစ်ဦး၊ စုစုပေါင်း ဆရာ၊ ဆရာမ ၉၀ ဦးတို့က သင်ခန်းစာများကို အနီးကပ်သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၃၉၄)



## စံပယ်ပန်းစိုက်ပျိုးခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိ

**ပွင့်ဖြူ မေ ၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင် သူများက စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေ ရရှိစေရန် မြေအောက်ရေကို အကျိုးရှိစွာ အသုံးချပြီး တစ်ပိုင် တစ်နိုင် စံပယ်ပန်းစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြရာ အောင် မြင်ဖြစ်ထွန်းမှုရရှိပြီး စံပယ်ပန်း များ ဆွတ်ခူးရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိကာ လုပ်ငန်း အဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူ မြို့နယ်ရှိ ဒေသခံတောင်သူများ ထံမှ သိရသည်။

"ကျွန်တော်တို့ ဒေသမှာ တောင်သူအများစုက မိသားစု စားဝတ်နေရေးအတွက် တစ်ဖက် တစ်လမ်းမှ အပိုဝင်ငွေရရှိစေရန် မြေအောက်ရေနဲ့ တစ်ပိုင်တစ်နိုင် ဘုရားပန်းမျိုးစုံနဲ့ စားဖိုဆောင် သီးနှံမျိုးစုံကို အားထားစိုက်ပျိုး လုပ်ကိုင်ကြတယ်။ အဲ့ဒီလို မြေ အောက်ရေနဲ့ သီးနှံဝင်ငွေရရှိအောင် စိုက်ပျိုးရာမှာ စံပယ်ပန်းစိုက်ပျိုး ရေးလုပ်ငန်းက ဖြစ်ထွန်းအောင် မြင်ပြီး စိုက်ပျိုးတဲ့တောင်သူတွေ နေ့စဉ် စံပယ်ပန်းဆွတ်ခူးရောင်းချ ရပြီး ဝင်ငွေရရှိနေကြတယ်။ စံပယ် ပန်းစိုက်ပျိုးရာမှာ တောင်သူတွေ က လူကြိုက်များပြီး ရောင်းအား ကောင်းတဲ့ စံပယ်ကြက်ရန်းနဲ့ ရွှေ



စံပယ်ပန်းတို့ကို အဓိကစိုက်ပျိုး ကြပါတယ်။ လက်ရှိမှာ တောင်သူ တွေ ဆောင်းရာသီက မြေအောက် ရေနဲ့ စိုက်ပျိုးခဲ့တဲ့ စံပယ်ပန်းပင် တွေက အဖူးအငုံများ လှိုင်လှိုင် ထွက်ရှိပြီး နေ့စဉ်ဆွတ်ခူးရောင်းချ နေရပါတယ်။ ဒါကြောင့် မိသားစု စားဝတ်နေရေးအတွက် တစ်ဖက် တစ်လမ်းမှ အပိုဝင်ငွေရရှိတဲ့ စံပယ်ပန်းစိုက်ပျိုးရေးလုပ်ငန်းကို တောင်သူတွေအနေနဲ့ စိုက်ပျိုးလုပ် ကိုင်သင့်ပါတယ်" ဟု ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်မှ တစ်ပိုင် တစ်နိုင် စံပယ်ပန်း စိုက်ပျိုးသူ တစ်ဦးက ပြောသည်။

(ဝဲပုံ)

(၄၄၅)

*-*-*-*-*

## Grade-12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၊ အားပေးစကားပြောကြား

**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာ စည်မြို့နယ်၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ် ရေးမှူးရုံးခန်းတွင် ငလျင်ဒဏ် ကြောင့် နေအိမ်အဆောက်အအုံ ပြိုကျပျက်စီးခဲ့သည့် Grade-12 စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် တွေ့ဆုံ၍ အားပေးစကားပြော ကြားခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၊ ခေတ္တဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ထွန်းဇံဖြူ၊ အဖွဲ့ဝင်(၂)ဦးတင်ထွန်း နှင့် မြို့နယ်ပညာရေးမှူးတို့က ငလျင် ဒဏ်ကြောင့် နေအိမ်အဆောက် အအုံပြိုကျပျက်စီးခဲ့သည့် G-12 စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို အားပေးစကားပြောကြားပြီး ဗလာ စာအုပ်၊ ဘောလ်ပင်၊ ခဲတံနှင့် အထောက်အကူပြုစာအုပ်၊ စာ တမ်းများ ဝယ်ယူနိုင်ရန်အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်း နှုန်းဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအတွက် ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ် ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များသည် နေအိမ်ပြိုကျ ပျက်စီးပြီး နေထိုင်ရန် အခက်အခဲ ရှိသော ကျောင်းသား၊ ကျောင်းသူ များ စိတ်လက်အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်စေရေး၊ အဆင် ပြေစွာ နေထိုင်နိုင်စေရေးတို့ အတွက် ကန်သာယာရပ်ကွက် ရှိ အ·လ·က ခွဲ(၂၁)ကျောင်းတွင် စနစ်တကျ ပြင်ဆင်ဆောင်ရွက် ထားရှိမှုအခြေအနေအား ကျောင်း သား၊ မိဘများ သိရှိနိုင်ရေး အတွက် လိုက်လံရှင်းလင်း ပြသ ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ချမ်းမြေ့**



# အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မေ ၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များအား ယမန်နေ့ နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးစောမောင်နှင့် သန္နေတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များအား မီးသတိမူရေးအတွက် မီးသတိမူရေးစာတန်းများ ချိတ်ဆွဲခြင်း၊ လျှပ်စစ်မီးကို စနစ်တကျအသုံးပြုစေရေး၊ အသိပညာပေးလက်ကမ်း၊ စာစောင်များဖြန့်ဝေခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ ထားရှိစေခြင်း၊ မီးငြိမ်းသတ်ရန် သီးသန့်ရေသိုလှောင်စေခြင်း၊ မီးသတ်ဆေးဘူးလုံလောက်စွာ ထားရှိစေခြင်း၊ ဆောင်ရန်၊ ရှောင်ရန်များကို အကြံပြုဆွေးနွေးမှာကြားခြင်း၊ ဆိုင်တွင်းချိတ်ဆက်ထားသော မီးသတ်ဆေးဘူးများအား ရက်လွန်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ အသုံးပြုပုံ၊ အသုံးပြုနည်းများကို ပြသဆောင်ရွက်ခြင်းများနှင့် အကြံပြု ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**





# ဘုန်းကြီးကျောင်းများနှင့် မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်းများသို့ အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်များ လှူဒါန်း

**မန္တလေး မေ ၆**

မန္တလေးမြို့တွင် မြေငလျင်ဒဏ်ခံစားရပြီး လိုအပ်ချက်များရှိနေသော ဘုန်းတော်ကြီးကျောင်းများနှင့် မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်းများသို့ မေ ၄ ရက်က မန္တလေး၊ ချမ်းမြသုခ ပရဟိတလူမှုကူညီရေးအသင်းမှ အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်များ လိုက်လံလှူဒါန်းခဲ့ကြသည်။

လှူဒါန်းမှုတွင် အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မျိုးထိုက်၊ အတွင်းရေးမှူး ဦးလှိုင်မျိုးမင်းနှင့် အမှုဆောင်၊ အသင်းဝင်များက ဓမ္မဧရဝါဆိုကျောင်းတိုက်၊ မြတောင်တိုက် ခြောက်ကျောင်း၊ ပတ္တမြားကျောင်းတိုက်၊ ငြိမ်းချမ်းရေးကျောင်းတိုက်၊ ဗိုလ်ကလေးကျောင်းတိုက်၊ ပြည်လုံးချမ်းသာတိုင်းရင်းသား မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်း၊ စိမ့်စမ်းရေမိဘမဲ့ကလေးများကျောင်းများသို့ စေတနာနှင့် အလှူရှင်အသီးသီးမှ လှူဒါန်းထားသော လှူဖွယ်ပစ္စည်းများနှင့် ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ရေသန့်ဘူး၊ ရေသန့်ပုံး၊ ဓာတ်ဆား၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နီ၊ ဓာတ်မီးတို့အား ကျောင်းများသို့ လိုက်လံကုသိုလ်ပြုလှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၇၀)**

၀-၀-၀-၀-၀-၀-၀

# ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုကြိုဆို၊ ကြက်ခြေနီမောင်မယ်များ သန့်ရှင်းရေးဆောင်ရွက်

**မန္တလေး မေ ၆**

၂၀၂၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ မြို့နယ်များမှ ကြက်ခြေနီမောင်မယ်များသည် မေ ၄ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ မဟာသကျသီဟဘုရားတွင် အင်အားပြင်းငလျင်ကြောင့် အပျက်အစီးများ ရှင်းလင်း၍ ကုသိုလ်ပြုဆောင်ရွက်ကြသည်။



ကမ္ဘာ့ကြက်ခြေနီနေ့ ဂုဏ်ပြုစုပေါင်းသန့်ရှင်းရေးကုသိုလ်ပြုဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ကော်မတီဝင်များ၊ ချမ်းအေးသာစံမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးမြင့်မောင်၊ မဟာသကျသီဟဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှု၍ လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(၀၄၅)**

# ကျောက်ဆည်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးလျက်ရှိ



**ကျောက်ဆည် မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် စာမေးပွဲ ပြန်လည်ဖြေဆိုကြရမည်ဖြစ်ရာ ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

လေ့ကျင့်သင်ကြားပေးရာတွင် တက္ကသိုလ်များမှ ဆရာ၊ ဆရာမများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရန် ကျောက်ဆည်မြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ မြို့မအခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ပြန်လည်ဖြေဆိုရမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရန်နှင့် အောင်ချက်မြင့်မားရေးအတွက် ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ပိုင်ပိုင်ကျော်**

# လူမှုဝန်ထမ်းဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများကို စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း ဆောင်ရွက်

**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း အင်အားပြင်းငလျင်သက်ရောက်မှုကြောင့် လူသေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်များ ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်ခံစားခဲ့ရသော မြို့နယ်များရှိ ပြည်သူများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်းဆောင်ရွက်ရန် ဖွဲ့စည်းထားသော လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက်မည့် အဖွဲ့ဝင်များသည် ဧပြီ ၂၅ ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် မြို့နယ်များသို့ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့်အတူ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**(အောက်ပုံ)**

**(၀၇၂)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်...

❖ "ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး"ရှိသည်ဆိုသည်မှာ "အရေအတွက်" ကိုဆိုလို...

❖ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန် လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကျောက်ဆည်စက်မှုနယ်မြေ ဝန်ထမ်းများနှင့် တွေ့ဆုံ၊ ဘိလပ်မြေစက်ရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးကျောက်ဆည် စက်မှုနယ်မြေရှိ အမှတ်(၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်)သို့ ရောက်ရှိစစ်ဆေးသည်။

**စီမံဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ကျောက်ဆည် စက်မှုနယ်မြေရှိ စက်ရုံမှူးများ၊ စက်ရုံတာဝန်ခံများအား တွေ့ဆုံ၍ ငလျင်လှုပ်ခတ်မှုကြောင့် စက်မှုဝန်ကြီးဌာနရှိ စက်ရုံ၊ အလုပ်ရုံများ၊ အိမ်ရာများ ထိခိုက်ပျက်စီးခြင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းများဖြစ်ပေါ်ခဲ့သဖြင့် အချိန်နှင့်တစ်ပြေးညီ ငလျင်သင့်ဒေသများသို့ သွားရောက်၍ ဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားခြင်း၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများကို စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ အခြားလူသုံးကုန်နှင့် ဆေးဝါးစက်ရုံများကိုလည်း ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူများ အခက်အခဲကြုံတွေ့နေချိန်တွင် လိုအပ်သော ပစ္စည်းများကို ဈေးကွက်အတွင်း လွယ်လင့်တကူ ဝယ်ယူရရှိခြင်းဖြင့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းကို တည်ငြိမ်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ ကျင့်ဝတ်သိက္ခာများနှင့်အညီ ကျင့်ကြံနေထိုင်သွားရန် မှာကြားပြီး စက်ရုံမှူးများ၊ စက်ရုံတာဝန်ခံများ၏ တင်ပြချက်များကိုပေါင်းစပ်ညှိ နှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနနှင့် Myanmar Conch Cement Co.,Ltd.တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အမှတ်(၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်)တွင် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စက်ပစ္စည်းနှင့် အဆောက်အအုံများကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် စက်ရုံထိခိုက်ပျက်စီးခဲ့မှု၊ ဘိလပ်မြေများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ထုတ်လုပ်သည့် ဘိလပ်မြေများအား အရည်အသွေးပြည့်မီစေရေးအတွက် ဓာတ်ခွဲစမ်းသပ် စစ်ဆေးနေမှု၊ ထုတ်လုပ်ပြီး ဘိလပ်မြေများအား ဈေးကွက်သို့ တင်ပို့ရောင်းချရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံ၌ ထုတ်လုပ်မှု လိုင်းနှစ်လိုင်းရှိသည့်အနက် တစ်နေ့လျှင် တန် ၅၀၀၀ ထုတ်လုပ်နိုင်ခဲ့သည့် ကုန်ထုတ်လိုင်းတစ်လိုင်းအား မေ ၄ ရက်တွင် ပြန်လည်လည်ပတ်နိုင်ခဲ့ပြီး စက်ရုံလည်ပတ်သည်နှင့် ထွက်ရှိသည့် ဘိလပ်မြေအိတ် ၄၂၀၀၀ ကို ဈေးကွက်အတွင်း စတင်ဖြန့်ဖြူးရောင်းချပြီဖြစ်ကြောင်းနှင့် ထပ်မံ၍ နေ့စဉ်ထွက်ရှိလာမည့် ဘိလပ်မြေများကိုလည်း ငလျင်ဘေးဒဏ်သင့်ဒေသများသို့ ဦးစားပေးဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်ကွင်းတွင် Young Lionesses အမျိုးသမီးအသင်းအား (၈)ဂိုးပြတ်သွင်းကာ နိုင်ပွဲဆက်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း




**ရန်ကုန် မေ ၆**

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း၏ Myanmar Women League ပွဲစဉ်(၄)အဖြစ် Young Lionesses အသင်းနှင့် YUSC Stadium တွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်ယူနိုက်အသင်းက ၈ ဂိုး၊ ၀ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများအား ပွဲချိန် ၁၄ မိနစ်တွင် ဇင်မိုးပြည့်က ၁၈ ကိုက်စည်းထိပ်မှ ကန်သွင်းယူပေးခဲ့ပြီး ဒုတိယဦးဆောင်ဂိုးကို ၂ မိနစ်အကြာတွင် စုစုကြည်က သွင်းယူပေးခဲ့သည်။ ၂၃ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့သည့် ဇင်မိုးပြည့်က ထပ်မံ၍ တတိယဦးဆောင်ဂိုးကို အနီးကပ်သွင်းယူပေးခဲ့သည်။ စတုတ္ထမြောက်ဦးဆောင်ဂိုးကို ပွဲချိန် ၄၀ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းရရှိသည့် ထောင့်ကန်ဘောမှတစ်ဆင့် ဇင်မိုးပြည့်က အနီးကပ်ခေါင်းတိုက်သွင်းယူခဲ့ပြီး ဟက်ထရစ်ရယူခဲ့သည်။

ဒုတိယပိုင်းတွင် ဂိုးသမားအပါအဝင် ကစားသမားအချို့ပြောင်းလဲခဲ့ပြီး ၄ မိနစ်အကြာတွင် ယွန်းဝတီလှိုင်က ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်ရိုက်ကန်သွင်းယူခဲ့သည်။ ထို့နောက် ၇၁ မိနစ်

စာမျက်နှာ ၅ သို့ ✡